# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါဠိပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် ကြာသပတေးနေ့။ Thursday, 9 April 2026 ၁၂၁၄၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး Banquet Hall ၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အငြိမ်းစားအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

---

**ယနေ့ ဖတ်စရာ**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့**

စာမျက်နှာ » ၆

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး**

စာမျက်နှာ » ၈

**တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး**

စာမျက်နှာ » ၉

**ရွှေရောင်အိပ်မက်များ နောက်ကွယ်က အွန်လိုင်းလိမ်လည်မှုလုပ်ငန်း၏ လူကုန်ကူးမှုကျော့ကွင်း (ကမ္ဘောဒီးယားရောက် မြန်မာလူငယ်တို့၏ သင်ခန်းစာ)**

ဆောင်းပါး စာမျက်နှာ » ၁၂

# အွန်လိုင်းလိမ်လည်လောင်းကစားမှု အမျိုးသားရေးတာဝန်ဖြင့်တိုက်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အဆက်မပြတ် တက်တက်ကြွကြွ အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကို အဓိကပါဝင်ပတ်သက်သူ ပြည်ပနိုင်ငံသားများက မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအတွင်း တရားမဝင်လာရောက်လုပ်ကိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားမှ မသိနားမလည်သော ပြည်သူများအား အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ အွန်လိုင်းပေါ်တွင် ငွေကြေးလိမ်လည်လှည့်ဖြားကာ ဒုစရိုက်မှုမျိုးစုံကျူးလွန်လျက်ရှိသည်။ လိမ်လည်လှည့်ဖြားခြင်းခံရသည့် သားကောင်များသည် သာမန်ပြည်သူများသာမက ဖွံ့ဖြိုးပြီးနိုင်ငံကြီးများမှ ငွေကြေးချမ်းသာကြွယ်ဝသည့် လူပုဂ္ဂိုလ်အချို့ကိုပါ လိမ်လည်လှည့်ဖြားနေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် ဗဟိုအစိုးရအုပ်ချုပ်မှုနှင့် အလှမ်းဝေးသော နယ်စပ်ဒေသများ၊ သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် အချို့သောနယ်စပ်ဒေသများ၌ ပြည်ပနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာသူများက အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လုပ်ကိုင်လာကြသည်။ မြန်မာနိုင်ငံတွင် အစောပိုင်းကာလများက အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ မပေါ်ပေါက်ခဲ့သော်လည်း နောက်ပိုင်းကာလများတွင် မြန်မာနိုင်ငံ၏အရှေ့ဘက် နယ်စပ်ဒေသများဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ် နယ်စပ်ဒေသများတွင် အခြေပြုလာကြပြီး ယခုအခါ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၏ တောတောင်ဒေသအချို့တွင်ပါ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်လာကြသည်ကို ဖော်ထုတ်ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သိရသည်။

အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ကြသည့် ပြည်ပနိုင်ငံသားအချို့သည် များသောအားဖြင့် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့မှ တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်သည်။ ကရင်ပြည်နယ် မြဝတီနယ်စပ်ဒေသ ရွှေကုက္ကိုလ်နယ်မြေကဲ့သို့ နေရာအချို့တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကို ဂိုဏ်းဖွဲ့ကျူးလွန်လာကြသဖြင့် နိုင်ငံတော်အစိုးရက ပြည်တွင်းလုံခြုံရေးအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် ပူးပေါင်းလက်တွဲလျက် တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ မြန်မာ့မြေပေါ်တွင် လုံးဝအခြေမပြုနိုင်ရေးအတွက် အခြေချထားသည့် အဆောက်အအုံနှင့် ပစ္စည်းများကို တစ်ခုမကျန် အမြစ်ဖြတ်ရှင်းလင်းဖယ်ရှားလျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို တိုက်ဖျက်နှိမ်နင်းလျက်ရှိရာတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီလ ၇ ရက်နေ့အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာကြသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၅ ဦးကို ထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါနိုင်ငံသားများအားလုံးကို စစ်ဆေးခဲ့ပြီးနောက် ၎င်းတို့အနက် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၃၄၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီး လက်ရှိတွင် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်းသို့ တရားမဝင် ဝင်ရောက်လာကြကာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်ကြသော ပြည်ပနိုင်ငံသားများကို ထိန်းသိမ်းစိစစ်ဆောင်ရွက်လျက်ရှိပြီး တရားမဝင်အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းဖျက်ဆီးခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဒုစရိုက်မှုမှန်သမျှတို့တွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## (၈-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၃၁၈,၀၃၇.၂၀ | ၄,၄၅၄,၂၅၄.၇၀ | ၃၀,၄၇၃,၃၁၈.၅၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၃,၃၄၁,၂၄၁.၉၄ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်းနှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၇၅ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ ဆောက်လုပ်ရေးကဏ္ဍသို့ ထိုင်းဘတ် ၃.၃၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၈**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ဧပြီ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ (ကြာသပတေးနေ့တိုင်း) ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၆ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ (တနင်္ဂနွေနေ့တိုင်း) ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၂ ရက်နှင့် ၁၉ ရက်တို့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၈ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၂၇၀ | ၃,၅၁၀,၀၀၀ |
| MTSH | ၆,၂၀၀ | ၆,၂၀၀ | ၁၆၉ | ၁,၀၄၇,၈၀၀ |
| MCB | ၉,၃၀၀ | ၉,၃၀၀ | ၉၉၅ | ၉,၂၅၃,၅၀၀ |
| FPB | ၄,၁၀၀ | ၄,၁၀၀ | ၂,၇၅၀ | ၁၁,၂၇၅,၀၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၁၉ | ၆၁,၇၅၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၇၄၈ | ၁,၃၅၆,၃၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၀ | ၀ |
| MAEX | ၃,၈၅၀ | ၃,၈၅၀ | ၂,၀၄၉ | ၇,၈၈၈,၃၀၀ |
| MADPL(PLB) | ၃,၂၅၀ | ၃,၃၀၀ | ၃,၂၄၈ | ၁၀,၆၀၅,၁၅၀ |
| ASPGB(PLB) | ၃၈,၀၀၀ | ၃၉,၀၀၀ | ၁၁၇ | ၄,၄၆၉,၅၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**


| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်အား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်ကြီးမိုးအောင်အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်မျိုးတင် အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ချီးမြှင့်ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မသမာမှုများကြောင့် အရေးပေါ်ကာလ သတ်မှတ်ပြီး အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်က တာဝန်ပေးခဲ့သောကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယခုအထိ နိုင်ငံ့တာဝန်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ချိန်မှစပြီး အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်ကို မိမိနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပူးပေါင်းပြီး ပြည်သူလူထုအားဖြင့် ရင်ဆိုင်ကျော်လွှား နိုင်ခဲ့ကြသည်မှာ အားလုံး အသိပင်ဖြစ်ကြောင်း။

စတင်တာဝန်ယူချိန်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြင်းထန်နေသည့်အချိန်ဖြစ်ပြီး ကူးစက်မှုကာကွယ်ရန်နှင့် ကုသရေးဆိုင်ရာများကို တပ်မတော်သားများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက် ခဲ့ကြသောကြောင့် ထိခိုက်ဆုံးရှုံးမှု နည်းပါးစွာဖြင့် ကပ်ရောဂါကြီးကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ ထို့အတွက်ကြောင့်လည်း တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးခဲ့သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့သူများအား မှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်း။

တစ်ဆက်တည်း၌ပင် ရခိုင်ပြည်နယ်၌ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့၌ အလွန့်အလွန် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်တွင် လူအသေအပျောက်များခဲ့ပြီး ရုံးအဆောက်အအုံများ၊ လူနေအိမ်များ၊ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ များစွာထိခိုက်ပျက်စီးခဲ့ကြောင်း။

ယင်းအချိန်က မိမိအနေဖြင့် ရခိုင်ပြည်နယ်ကို မုန်တိုင်းတိုက်ခတ်ပြီး နောက်ရက်တွင် ချက်ချင်းသွားရောက်ကာ ထိခိုက်ဒဏ်ရာရသူများအား အားပေးနှစ်သိမ့်ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် စီမံ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ချက်ချင်းဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်စေခဲ့ကြောင်း၊ ဒေသခံအများစုအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်နေကြပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့်အစိုးရ ပူးပေါင်းပြီး ချက်ချင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ပျက်စီးမှုများကို ရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်မှုကို မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် တပ်မတော်အင်အားကို အခြေပြုပြီး အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း။

### ပို့ဆောင်ပေးနိုင်ခဲ့

ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရ၊ ဌာနဆိုင်ရာများနှင့်အတူ တပ်မတော်သားများ၏ ပူးပေါင်းပါဝင်မှုသည် အင်အားကြီးမားခဲ့ကြောင်း၊ ထို့ကြောင့်လည်း အချိန်တို ကာလအတွင်း၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်လေယာဉ်များ၊ စစ်ရေယာဉ်များကို အင်တိုက်အားတိုက် အသုံးပြုပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားရေရိက္ခာများကို ရေကြောင်း၊ လေကြောင်းတို့ဖြင့် အကြိမ်ကြိမ်ပို့ဆောင် ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း မုန်တိုင်းဒဏ်ခံရသည့် ရခိုင်ပြည်သူများ စားဝတ်နေရေး အဆင်ပြေပြီး အမိုးအကာအောက် လျင်မြန်စွာ ရောက်ရှိနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာက လေကြောင်း၊ ရေကြောင်းဖြင့် ပေးပို့လာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြည်တွင်းမှလှူဒါန်းသည့် ပစ္စည်းများကိုလည်း တပ်မတော်သားများက ရန်ကုန်မှတစ်ဆင့် လေကြောင်း၊ ရေကြောင်းများဖြင့် အတင်အချပြုလုပ်ပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြခြင်း ဖြစ်ကြောင်း။

ထို့အပြင် တပ်မတော်မှ အရာရှိကြီးများကို ပြည်နယ်အတွင်း မြို့နယ်အလိုက် သတ်သတ်မှတ်မှတ် တာဝန်ပေးပြီး အပျက်အစီးများ ရှင်းလင်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင် ဆောင်ရွက်စေခဲ့ကြောင်း၊ တာဝန်ပေးခဲ့သည့်တပ်မတော်အရာရှိကြီးများကလည်း ဆင်းရဲဒုက္ခကြားတွင် သွားရောက်နေထိုင်ပြီး လက်တွေ့ကျကျ အောက်ခြေထိဆင်းပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိုခါမုန်တိုင်း ကျရောက်စဉ်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်တိုအတွင်း၌ စိတ်စေတနာ ထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စား ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်အရာရှိကြီးများအား ကျေးဇူးတင်ပြီး လေးစားဂုဏ်ပြုသည့် အနေဖြင့် ယနေ့ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်သည့် အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ဆွေအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်း(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

☆ စာမျက်နှာ ၃ မှ

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် တောင်တရုတ်ပင်လယ်ဘက်က စခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်း ရာဂီကြောင့် နေပြည်တော်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နှစ်ပေါင်း ၇၀ အတွင်း အကြီးမားဆုံးသော မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ သဘာဝဘေး ကျရောက်စဉ်ကလည်း တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

> **မိုခါမုန်တိုင်းအပါအဝင် နိုင်ငံတော်တွင်ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်မှ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြု**

အလားတူ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အလွန်အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းတို့၌ ထိခိုက်ပျက်စီးမှုများပြီး အခြားဒေသများတွင်လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကယ်ဆယ် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ တပ်မတော်သားများပူးပေါင်းပါဝင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ **မိုခါမုန်တိုင်းအပါအဝင် နိုင်ငံတော်တွင် ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တပ်မတော်မှ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့်အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြု**သည်ကို ပြောကြားလိုပါကြောင်း။

အလားတူ **မိမိတို့တာဝန်ယူခဲ့သည့် (၅)နှစ်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေး အခြေခံဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများတိုးတက်အောင်မြင်အောင်** စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အနေဖြင့် ကြိုးစား လုပ်ဆောင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာတိုင်း၌ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့် တစ်သားတည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအား အထူးကျေးဇူးတင်ကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်အောင် ကြီးကြပ်ကွပ်ကဲစီမံပေးခဲ့ကြသည့် တပ်မတော် အရာရှိကြီးများအား ဂုဏ်ပြုကြောင်းကို ပြောကြားလိုလည်း လေးစားစွာ မှတ်တမ်းတင် ကြောင်း။ **စာမျက်နှာ ၅ သို့** ☆



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်အောင်မျိုးထွန်း(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

**“မိမိတို့တာဝန်ယူခဲ့သည့် (၅)နှစ်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏စီးပွားရေးအခြေခံဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင် စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးအနေဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြု”**

☆ **စာမျက်နှာ ၄ မှ**

အနာဂတ် ကာလတွင်လည်း နိုင်ငံ့အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုး ဆောင်ရွက်နိုင်အောင် စီစဉ် ဆောင်ရွက်ပေးကြရန်၊ **“ပြည်သူသာ အမိ ပြည်သူသာ အဖ”**ဟူသည့် ခံယူချက်နှင့် ပြည်သူတွေအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အငြိမ်းစား အဆင့်မြင့်တပ်မတော်အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ တည်ခင်းဧည့်ခံထားသည့် ဂုဏ်ပြုလက်ဖက်ရည်များကို အတူတကွသုံးဆောင်ကြစဉ်။

ယင်းနောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည်တည်ခင်းဧည့်ခံထားသည့် ဂုဏ်ပြုလက်ဖက်ရည်များကိုအတူတကွသုံးဆောင်ကြသည်။

အခမ်းအနား အပြီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ဝင်းမောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ကျော်ကျော်စိုး(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် အောင်သူဦး(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် နေဝင်းအောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ဝင်းကိုကိုအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ဆန်နီအုန်း(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

**အဆွေတော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် အပြန်အလှန် လေးစားမှု၊ အကျိုးစီးပွားမျှဝေမှုနှင့် ပြည်သူနှစ်ရပ်အကြား ခိုင်မာသည့် ဆက်ဆံရေးတို့အပေါ်အခြေခံသည့် နီးကပ်သော ချစ်ကြည်ရင်းနှီးမှုတို့ ကာလရှည်ကြာတည်ရှိခဲ့ပါသည်။

မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်စလုံး၏ အပြန်အလှန် အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအား ထိုင်းနိုင်ငံအနေဖြင့် ပံ့ပိုးကူညီရန် အသင့်ရှိနေကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြှင့်သွားမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

အနုထင်ချာဝီရာကွန်
ထိုင်းနိုင်ငံ ဝန်ကြီးချုပ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

မော်စကိုမြို့၊ ၂၀၂၆ ခုနှစ် ဧပြီလ ၆ ရက်

**အဆွေတော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ခေါင်းဆောင်မှုအတွေ့အကြုံများ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝမှုများဖြင့် မြန်မာနိုင်ငံတည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အောင်မြင်စွာ ဦးဆောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ဆက်ဆံရေးကိုအခြေခံ၍ မိမိတို့အကြား ရှိရင်းစွဲသဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်သွားရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။

အဆွေတော် ကျန်းမာ၍ စွမ်းအားများပြည့်ဝပါစေကြောင်းနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးစွာဖြင့်

အီဗန် ပိုလီယာကော့ဗ်
ဥက္ကဋ္ဌ
ရုရှား-အာဆီယံစီးပွားရေးကောင်စီ

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် အသင်း/အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် ဧပြီ ၈**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာ-မွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဇဖာရ်ရှားဂူဗိမ္ဗာန် ကြီးကြပ်ရေးကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ အထူး ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး**

စာမျက်နှာ ၇ သို့ ❒

❒ စာမျက်နှာ ၆ မှ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-မွတ်စလင်စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ဇဖာရ်ရှားဂူဗိမ္မာန်ကြီးကြပ်ရေးကော်မတီ**
**ဗိုဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**



# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (၁၅)ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပ

နေပြည်တော် မေ ၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (၁၅)ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲကို မေ ၇ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရဟန်းခံရှင်ပြုအလှူမင်္ဂလာနေ့ရက်ဖြစ်သည့် မေ ၇ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်အားကစားခန်းမရှေ့စုရပ်မှ ရဟန်း ၃၇ ပါး၊ သာမဏေ ၂၁ ပါးနှင့် သီလရှင် နှစ်ပါးတို့အား တောင်ကြီးမြို့ ပြည်ထောင်စု လမ်းမကြီးအတိုင်း စူဠာမုနိလောကချမ်းသာ စေတီတော်ကြီးအား လက်ယာရစ် သုံးပတ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး စဝ်စံထွန်းရပ်ကွက် မင်္ဂလာဂူဝိပဿနာစာသင်တိုက်၌ ဆံချမင်္ဂလာနှင့် သင်္ကန်းတောင်းခြင်း၊ သင်္ကန်းဝတ်ခြင်း (ပဗ္ဗဇ္ဇမင်္ဂလာ) အစီရင်အတိုင်း ဆောင်ရွက်ကာ ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် သာသနာ့အမွေခံယူစေပြီး သာမဏေဘဝမှ ရဟန်းဘောင် သို့ သိမ်ဝင်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စေတနာရှင် အလှူရှင်များက ရဟန်းသာမဏေများအား သိမ်ဆင်းလောင်းလှူခဲ့ကြသည်။ ထို့နောက် အလှူတော်မင်္ဂလာ ရေစက်ချတရားနာယူခြင်းအခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စဝ်စံထွန်းရပ်ကွက် မင်္ဂလာဂူကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒာသီရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာန နာယက ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တ နာယက ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရားများ နာယူကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ်(၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁)ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။
၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။
၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။
၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# နိုင်ငံတော်ဘွဲ့တံဆိပ်တော်ရ ရမည်းသင်းမြို့နယ် ပုတီးကုန်းကျောင်းတိုက်ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပွဲပူဇော်

ရမည်းသင်း မေ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပုတီးကုန်းရွာ ပုတီးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တကုမာရ(မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ)အား တပည့်သံဃာတော်များနှင့်ဒါယကာ ဒါယိကာမအပေါင်းတို့က ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုတီးကုန်းရွာကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ရမည်းသင်းမြို့ ရန်အောင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသထံမှ သီလခံယူကြသည်။

ယင်းနောက်သောင်းထိုက်ကြည်သာပိုဒ်စုံရတု၊ဘွဲ့ခံဆရာတော်၏ထေရုပ္ပတ္တိဖတ်ကြားခြင်း၊ရှစ်ဆယ်ကျော်တေးထပ်ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ပြီး ဘွဲ့တံဆိပ်ခံဆရာတော်အား တပည့်ဒါယကာ ဒါယိကာမနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသက ဂုဏဝိသိဋ္ဌပူဇာနှင့် စပ်လျဉ်း၍ အနုမောဒနာတရား ဟောကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် မေ ၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၃၇၂ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၆၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၈ ဒသမ ၉၂ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောက်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို ၂၀၁၆ ခုနှစ် မတ် ၁၆ ရက်မှ စတင်ပြီး ယနေ့ပဉ္စမနေ့အထိ ကျင်းပခဲ့ပါကြောင်း၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကိုလည်း ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်နှင့် ၃၁ ရက်များတွင် ကျင်းပခဲ့ပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော် အစည်းအဝေး ပထမနေ့တွင် သဘာပတိ တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်အစည်းအဝေးဒုတိယနေ့၊ တတိယနေ့နှင့် စတုတ္ထနေ့များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးသည့်နေ့တွင် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေး ကော်မတီက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့ကြောင်း။

ထို့ပြင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌထံမှ မတ် ၁၇ ရက်တွင် ပေးပို့သော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌထံမှ မတ် ၁၇ ရက်တွင် ပေးပို့သော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌထံမှ မတ် ၁၉ ရက်တွင် ပေးပို့သော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီးထံမှ မတ် ၂၃ ရက်တွင် ပေးပို့သော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌထံမှ မတ် ၂၃ ရက်တွင် ပေးပို့လာသော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အမည်စာရင်းအား ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့တင်ပြခဲ့ရာ ယခုဆိုလျှင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ် တင်မြှောက်ခဲ့သည့် ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူအနေဖြင့် တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလအတွင်း လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် နိုင်ငံရေးပါတီများမှ လာရောက်လေ့လာသူ ၂၁ ဦး၊ ပြည်သူလူထုလေ့လာသူ ငါးဦး လာရောက်လေ့လာခဲ့ကြပါကြောင်း။

မတ်လ ၁၆ ရက်က စပြီး မေ ၈ ရက်အထိ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးများတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များမှာ သဘာပတိ တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းနှင့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း။

အတည်ပြုခြင်း အပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များမှာ ဥပဒေကြမ်း ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်း၊ ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကိုအတည်ပြုခြင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကိုအတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

ဖွဲ့စည်းခြင်းအပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ အနေဖြင့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းတို့ ဖြစ်ပါကြောင်း။

မှတ်တမ်းတင်ခြင်း အပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအနေဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမနေ့ အစည်းအဝေးများ တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ(၅)ခုကို မှတ်တမ်းတင်ခြင်း၊ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့နှင့် ဒုတိယနေ့အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ကာလနှင့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ကျင်းပသည့်ရက်အတွင်း ဆောင်ရွက်ခဲ့သည့် ဖော်ပြပါ ဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များအား မှတ်တမ်းတင်ထားရှိပြီး ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မတ် ၁၆ ရက်တွင် စတင်ခဲ့ပြီး ယနေ့ မေ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူကို ကိုယ်စားပြုခွင့်ရသည့် နေရာတစ်ခု ဖြစ်ပါကြောင်း၊ လွှတ်တော် အဆောက်အအုံထဲတွင် **"ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဆိုသည့် ဆောင်ပုဒ်များကို နေရာအနှံ့အပြားတွင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ကြည့်မည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ် တင်မြှောက်ခြင်းနှင့် သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူလူထုကိုကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းညှိခြင်းများကို တွေ့ရမည်ဖြစ်ပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်းတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကို မဲပေးရွေးချယ်တင်မြှောက် ပေးလိုက်သည့် ပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက် အတည်ပြု ဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် လွှတ်တော်၏ အဓိကတာဝန်များကို အချိန်တိုအတွင်း အထိုက်အလျောက် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်ချက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ အားလုံးကို ပြည်သူ့လွှတ်တော်က ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူမှတ်တမ်းပြုအပ်ပါကြောင်း။

မကြာမီ လွှတ်တော်ကို ခေတ္တရပ်နားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ရပ်နားနေစဉ် ကာလအတွင်း ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ရောက်ရှိရာ နေရာဒေသတိုင်းတွင် ပြည်သူ့အသံကိုနားထောင်ခြင်း၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခြင်း၊ အမျိုးသား အကျိုးစီးပွားကို အလေးအနက်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်စေရန်၊ ပါတီစုံဒီမိုကရေစီ စနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူကို ထာဝရကိုယ်စားပြုနိုင်ရန် အထူးအလေးထား ကြိုးစားဆောင်ရွက် သွားကြစေလိုပါကြောင်း။

ထို့ပြင် ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေမည့် လုပ်ငန်းတာဝန်များကိုလည်း စိတ်ကောင်းစေတနာမှန်နှင့် ဆတက်ထမ်းပိုး ထမ်းဆောင်ကြရန် လိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ အဓိကကျသော မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည့် ဥပဒေပြုမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေကြသူများ ဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်လုပ်ပိုင်ခွင့်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကိုက်ညီအောင် ကြိုးပမ်းပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စများကို အားလပ်ချိန်များတွင် လေ့လာထားရမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ သို့ ***



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဧပြီ ၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၁၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၁၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာကျောင်းလီကျဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စဗယ်လင်တီနာ မက်ဗီယန်ကို၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ကောင်စီ (အထက်လွှတ်တော်) ဥက္ကဋ္ဌ မစ္စနာတာလီယာ ကိုချာနိုဗာ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်တို့က ပေးပို့လာသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပြီးဆုံးပြီဖြစ်ကြောင်း၊ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် မတ် ၁၈ ရက်မှ ဧပြီ ၈ ရက်အထိ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးပထမနေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲမှ သဘာပတိအဖြစ် တင်မြှောက်ခြင်းနှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးက ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းနီနီအေးကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အနေဖြင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ၂၀၁၅ ခုနှစ်အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ တို့အရ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများကို ဖွဲ့စည်းနိုင်ရေးအတွက် ယင်းကော်မတီတစ်ခုချင်းစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း၊ ယင်းကော်မတီများ အလိုက် တာဝန်ယူဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စသည့်နိုင်ငံများက အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး တို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့လာခြင်းကို လွှတ်တော်သို့တင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့လွှတ်တော်သည် ဥပဒေပြုရေးအာဏာ ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရရှိထားသည့် ဥပဒေပြုရေးအာဏာကို အသုံးပြုကာ ပြည်သူများ ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများ၏ လုပ်ငန်းများကိုလည်း နှံ့နှံ့စပ်စပ်လေ့လာသိရှိထားရန်လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများအပေါ်တွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောဆိုပြုမူဆောင်ရွက်ချက်များသည် မလျော်ဩဇာသုံးသည့် သဘောမျိုး မသက်ရောက်စေရန် သတိကြီးစွာထားရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။

ဒီမိုကရေစီစနစ် ဆိုသည်မှာ ပြည်သူကအုပ်ချုပ်သည့် စနစ်ဟု ပြောနိုင်ကြောင်း၊ နိုင်ငံသားများ အားလုံး လွှတ်တော်ထဲတွင် လာရောက်မထိုင်နိုင်သည့်အတွက် ၎င်းတို့၏ကိုယ်စား ရွေးချယ်တင်မြှောက် စေလွှတ်သည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူက ပေးအပ်စေခိုင်းသည်များကို တာဝန်ဟုခံယူပြီး ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ ပြည်သူများ ခံစားတွေ့ကြုံနေရသည့် အခက်အခဲများကို ပြည်သူနှင့်ထပ်တူခံစားပြီး ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ထဲကို ရောက်ရှိလာကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးသည် ယခုဆိုလျှင် တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေကြသူများဖြစ်ကြကြောင်း၊ ဖြတ်သန်းလာကြသည့် နယ်ပယ်အသီးသီးသည် မတူညီကြသော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းမည်၊ မေးခွန်းများ၊ အဆိုများကိုမေးမြန်းတင်သွင်းကြမည်ဆိုသည့် ရည်မှန်းချက်ချင်း တူညီကြပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အကြား ဥပဒေပြုရေး၊ မေးခွန်းများ၊ အဆိုများဆွေးနွေးရေးများနှင့်ပတ်သက်ပြီး အမြင်မတူသည်များ၊ သဘောထားကွဲလွဲသည်များ ရှိနေမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုညှိနှိုင်းပြီး ဆွေးနွေးအဖြေရှာသွားကြရမည် ဖြစ်ကြောင်း။

လွှတ်တော် ကိုယ်စားလှယ်သည် သက်ဆိုင်ရာနိုင်ငံရေးပါတီများ ရှိကြသော်လည်း ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်ဆိုသည့် ခံယူချက်ထားရှိပြီး အပြန်အလှန်လေးစားမှုဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားများကို ကိုယ်စားပြုသည့် လွှတ်တော်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် လွှတ်တော် အစည်းအဝေး ရပ်နားထားစဉ်တွင် ဒေသခံပြည်သူများ ပေးအပ်မည့်တာဝန်များကို အကောင်အထည် ဖော်ဆောင်ပေးနိုင်ရန် အတွက် ပြည်သူများ၏အသံကို နားထောင်ပြီး ပြည်သူများ၏ နေ့စဉ်ဘဝများကို ထိတွေ့ကာ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒများကို လွှတ်တော်ထဲအထိရောက်အောင် သယ်ဆောင်၍ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ တင်သွင်းနိုင်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုကြောင်း။

ပြည်သူ့ အကျိုးစီးပွားကို မြင့်မြင့်မားမားဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပြီး ဒီမိုကရေစီ အောင်ပန်းကို ဆွတ်လှမ်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက် နိုင်ပါစေကြောင်း တိုက်တွန်း ပြောကြားရင်း လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည် ရောက်ရှိပါစေဟု ဆုမွန်ကောင်း တောင်းအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **သတင်းစဉ်**



တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

---

* စာမျက်နှာ ၈ မှ

ကိုယ်စားလှယ်ကြီးများအနေဖြင့် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် မိမိကိုယ်စားပြုသည့် မဲဆန္ဒနယ်မြေနှင့် မိမိကိုယ်စားပြုရာ မဲဆန္ဒနယ်မြေအတွင်းတွင် ရှိသည့် နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အရေးကိစ္စများကို အမြော်အမြင်ရှိစွာဖြင့် ဥပဒေနှင့်အညီ အလေးထား ကြိုးပမ်းဆောင်ရွက်ကြပြီး ပြည်သူများ၏ လိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် မေတ္တာရှင် သူရဲကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြရန် ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း။

မကြာမီ ကျရောက်မည့် ၁၃၇၈ ခုနှစ် မြန်မာ့နှစ်သစ်ကူးအခါသမယတွင် ပျော်ရွှင်ကျန်းမာစွာ ဖြတ်သန်း နိုင်ကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်းဖြင့် တတိယအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်း အဝေးတွင် ကျန်းမာရွှင်လန်းစွာဖြင့် ကိုယ်စားလှယ်များအားလုံးကို ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်း အဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်း အဝေး ကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၈**

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိ မြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပ ပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် ကြီး ရဲဝင်းဦး တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကား ပြောကြား သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား ကျင်းပပြုလုပ်မည့် အမှတ် (၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်သို့ ရောက်ရှိ ကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်း များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပ သည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေး နှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် အတွင်းရေး မှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကော်မရှင် အဖွဲ့ဝင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များ၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီး များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာ နိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး တို့မှ တာဝန်ရှိသူများ၊ နိုင်ငံတော် အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြ သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ အရာရှိ၊ စစ်သည်၊ အစားခန့် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည် တော်များ တက်ရောက်ကြသည်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးအပ်ချီးမြှင့် သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို ကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး က ပေးအပ်ရာ ပြည်သူ့ဆက်ဆံ ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူစဉ်။

ဦးစွာ မြဝတီတေးဂီတအဖွဲ့က **“ကကပြည်ရဲ့မြဝတီ”** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြား ရာတွင် ကုန်လွန်ခဲ့သည့် နှစ်တစ် နှစ် သို့မဟုတ် ကျန်ရစ်ခဲ့သည့် ရက်စွဲတစ်ခုသည် နောင်လာမည့် ကာလများအတွက် သမိုင်း မှတ်တမ်းများပင်ဖြစ်ကြောင်း၊ မိမိ တို့နိုင်ငံ၏ သမိုင်းကို ပြန်ကြည့် မည်ဆိုပါက တပ်မတော်၏ မှတ်တမ်းပုံရိပ်များကိုလည်း ပူးတွဲ တွေ့မြင်ကြရမည် ဖြစ်ကြောင်း၊ ထို့အတူ တပ်မတော်၏ သမိုင်း ကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက် လာသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံး၏ သမိုင်းကြောင်း ကို ပြန်ကြည့်ပါက ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် “ပညာရေး ဌာနစု” အဖြစ် စတင်ပေါ်ပေါက်ခဲ့ သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် တွင် “ပညာရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး”၊ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်တွင် “ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး” အဖြစ် ခေတ်ကာလနှင့်အညီ အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့ အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှစ၍ မျက်မှောက်ကာလ တိုင် ရှည်လျားသည့် သမိုင်းခရီးစဉ် တစ်လျှောက် နိုင်ငံတော်၏ ခရီးလမ်းအသွယ်သွယ်ကို အခြား လက်ရုံးတပ်များနည်းတူ ပါဝင် ဖြတ်ကျော်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ သမိုင်းကပေးသည့် အတွေ့အကြုံများအရ လိုအပ် သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးဆိုင်ရာ တပ်ဖွဲ့များကို အဆင့်ဆင့်ဖွင့်လှစ် ခဲ့ပြီး ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေးနှင့် ပညာ ရေးတာဝန်များကို အတိတ်သမိုင်း မှစ၍ ယနေ့ထက်တိုင် ကြိုးပမ်း ထမ်းရွက်နေသည်ကို တွေ့မြင်ရ မည်ဖြစ်ကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ လိုအပ်ချက်အရ ခေတ်ကာလတစ်လျှောက် မည်သို့ပင် အမည်နာမများ ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခဲ့သော်လည်း မူလ ရည်မှန်းချက် တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ် စစ်ဆင်ရေး၊ စည်းရုံးရေး၊ ပညာပေး ရေးဆိုသည့် လုပ်ငန်းတာဝန် လေးရပ်ကို ကျေပွန်စွာကြိုးစား အကောင်အထည်ဖော်ခဲ့ကြသည် ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး (Public Relations)နှင့် စိတ်ဓာတ်စစ်ဆင် ရေး (Psychological Warfare) ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက် ပြီး ပြောရမည်ဆိုပါက **ပြည်သူ့ ဆက်ဆံရေးဆိုသည်မှာ အဖွဲ့ အစည်းတစ်ခုနှင့် လူထုအကြား အပြန်အလှန် အကျိုးရှိသည့် ဆက်ဆံရေးကို ထူထောင်ရသည့် ဆက်သွယ်ရေး မဟာဗျူဟာ လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်ကြောင်း၊ စိတ်ဓာတ်စစ်ဆင်ရေးဆိုသည်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) အင်အားစုကြီး တစ်ခုလုံးကို စိတ်ဓာတ်နှင့် တည်ဆောက်ပြီး ပြည်သူကြားက မွေးဖွားလာသည့် တပ်မတော်နှင့် ပြည်သူကို တစ်သားတည်း ဖြစ်စေသည်အထိ စွမ်းပကား ကြီးမားကြောင်းကို** တွေ့ရှိရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့ဖြစ်စဉ်များကို လေ့လာကြည့်ပါက နိုင်ငံအသီးသီး ၏ ပညာရေးစနစ် အခြေခံခိုင်မာမှု ရှိ၊ မရှိ ဆိုသည်ကို စိန်ခေါ်မှုများစွာ ဖြင့် နေ့စဉ် ဆန်းစစ်နေသည် ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ပညာပြည့်ဝ သည့် လူသားအရင်းအမြစ်များ များစွာလိုအပ်သကဲ့သို့ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်း များအတွက်လည်း ပညာပြည့်ဝ သည့်တပ်မတော်သားအရင်းအမြစ် များ များစွာရှိနေရန် လိုအပ်သည် ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး နှင့်ကွပ်ကဲမှုအောက် ပညာရေးတပ်၊ ကျောင်းများ၏ အခန်းကဏ္ဍသည် အဓိကအရေးပါသည်ကို တွေ့မြင် ရမည်ဖြစ်ကြောင်း၊ သမိုင်းကို ပြန်ကြည့်ပါက ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မှူးများ ညီလာခံမှ စတင်အသက်ဝင်ခဲ့ သည့် တပ်မတော်သားတိုင်း အရေး၊ အဖတ်၊ အတွက် “အ” သုံးလုံးကျေ ပညာရပ်များကို တတ်မြောက်ရမည်ဆိုသည့် မူဝါဒ ကို ထိုစဉ်ကတည်းက အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ အချိန်အခါတွင်လည်း တပ်မတော်ပညာရေး ကျောင်း များကို ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံးက တာဝန်ယူပြီး ဆက်လက် ဖွင့်လှစ် သင်ကြားပေးလျက်ရှိ ကြောင်း။ **စာမျက်နှာ ၁၁ သို့☆**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြဝတီရုပ်မြင်သံကြား (နေပြည်တော်) ထုတ်လွှင့်ရေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၁၀ မှ

ထို့အပြင်နိုင်ငံတော်၏ဒေသအနှံ့တွင် ကျရာတာဝန်ကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ တိုက်ပွဲကျဆုံးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများ၏ သားသမီးများ၏ ပညာရည်မြင့်မားစေရန်အတွက် “တပ်မတော် ကလေးကျောင်း”များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၁၉၅၂ ခုနှစ်မှ စတင်ဖွင့်လှစ် ပညာသင်ကြားခဲ့ကြောင်း၊ ယနေ့အခါတွင် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အခြေခံပညာ ကျောင်းများအဖြစ် အဆင့်မြင့်တင်နိုင်ခဲ့ပြီး နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို အားဖြည့် ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော် တည်ရှိနေသရွေ့ တည်ရှိနေရမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်သွားရမည့် တပ်မတော် တစ်ရပ်အနေဖြင့် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားရေးသည် အရေးကြီးဆုံးအချက်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ ပညာရေးနှင့် ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပညာရေးကဏ္ဍသစ်မှာ တပ်မတော်တွင် စစ်မှုထမ်းဆောင်ဆဲ တပ်မတော်သား အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများ၊ တပ်မတော်သား အငြိမ်းစား အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများနှင့် ကျဆုံးသွားကြသော တပ်မတော်သား အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများ၏ ပညာရေးကို စဉ်ဆက်မပြတ် တာဝန်ယူစောင့်ရှောက်နိုင်ရန် တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်ပြီး အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ဖွင့်လှစ် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ် ကောင်းများလည်း ပေါ်ထွန်း လာမည်ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော် ဆေးဘက်ဆိုင်ရာ ပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်း ပေးမှုများနှင့် ဆက်လက် တက်ရောက်နိုင်ရန် ဆောင်ရွက် ပေးသွားမည်ကို ပြောကြားလိုကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်များသည် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စာပေ၊ ဂီတ၊ မီဒီယာစသည့် သဘောသဘာဝအပေါ် အခြေခံပြီး ဖွဲ့စည်းထားသော တပ်ဖွဲ့များဖြစ်ခြင်းကြောင့် တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးသည့် အချက်ပင်ဖြစ်ကြောင်း၊ ပေးအပ်လာသော တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက် ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း။

စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ပိုမိုရေရှည်တည်တံ့ခိုင်မာရေးအတွက် အဓိကအရေးပါသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်များအတွက် လိုအပ်သည့် အသွင်သဏ္ဌာန်ပိုင်းနှင့် အနှစ်သာရပိုင်းများကိုလည်း ပိုမိုခေတ်မီတိုးတက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူလက်ရှိနိုင်ငံတော်အစိုးရသစ် လက်ထက်တွင်လည်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့များ၏ စွမ်းပကားနှင့် နိုင်ငံ့အရေးအတွက် ဆက်လက်အားဖြည့် ကူညီကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန်လည်း အလေးအနက်ထားမှာကြားလိုကြောင်း။

ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတပ်ဖွဲ့၏ လေးမြတ်သည့် ဂုဏ်ဒြပ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်များအပေါ် ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ရင်း မိမိ၏ဂုဏ်၊ တပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်သွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ဝတ္ထုတိုပေါင်းချုပ် (ပထမ) ဆုရရှိသူ ဗိုလ်မှူး ရာဇာအောင်၊ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ကဗျာပေါင်းချုပ် (ဒုတိယ) ဆုရှိသူ ဒုတိယအရာခံဗိုလ်/စာရေး ဇော်မင်းထက်၊ ၂၀၂၄ ခုနှစ် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် (ဒုတိယ) ဆုရရှိသူ ဗိုလ်မှူး ကျော်ရဲသိန်းနှင့် ၂၀၂၄ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေဆု (ဒုတိယ) ဆုရရှိသူ ဗိုလ်ကြီး အောင်မျိုးဝင်းတို့က ဆုများ အသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် (၇၉)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ထို့နောက်ကော်မရှင်အတွင်းရေး မှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ပြည်သူ့ဆက်ဆံရေး နှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြား ရေးမှူးက နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြု ပေးအပ်သည်။

ယင်းနောက် ကော်မရှင်အတွင်း ရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြဝတီ တေးဂီတအဖွဲ့နှင့်အတူ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ရုပ်ရှင်နှင့် သဘင်ဂီတအနုပညာရှင် များ ပူးပေါင်း၍ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှု အားပေးသည်။

ဖျော်ဖြေ တင်ဆက်မှုများ အပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်း က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေး အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေ များကိုလည်းကောင်း၊ ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းကို လည်းကောင်း ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူ များက လက်ခံရယူကြသည်။

အခမ်းအနား အပြီးတွင် ကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် နှင့်အဖွဲ့ဝင်များသည် မြဝတီ ရုပ်မြင်သံကြား ( နေပြည်တော်) ထုတ်လွှင့်ရေး စက်ရုံအတွင်းရှိ TV Studio အတွင်း Program ရိုက်ကူး မှုများ၊ Master Control Room အတွင်းရှိ စက်ပစ္စည်းများ၏ လုပ်ဆောင်ချက်များ၊ နေ့စဉ် ထုတ်လွှင့်လျက်ရှိသည့် သတင်း အစီအစဉ်များအား လက်တွေ့ ရိုက်ကူးမှုများနှင့် ရုပ်မြင်သံကြား အစီအစဉ် ထုတ်လွှင့်ခြင်းများကို လိုက်လံကြည့်ရှုကြပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သိရှိ လိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို လမ်းညွှန် မှာကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်း ရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်း ပြသထားသည့် ပြခန်းများနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြခန်း တို့ကို လှည့်လည်ကြည့်ရှု၍ ပြခန်း တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှု များအပေါ် သိရှိလိုသည်များမေးမြန်း ပြီး လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

ထို့နောက် ကော်မရှင်အတွင်း ရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင်မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး တက်ရောက် လာကြသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့်အတူ နှစ်ပတ်လည် နေ့အထိမ်းအမှတ် နေ့လယ်စာကို အတူ တကွသုံးဆောင်သည်။

ယင်းနောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ် ထားသည့် Signing Board တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုး ပြီး ပြန်လည်ထွက်ခွာရာ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ က နှုတ်ဆက်ကြသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံးသည် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် မြန်မာ့ လွတ်လပ်ရေး သမိုင်းကြောင်းနှင့် အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့ခြင်းဖြစ် ပြီး ခေတ်အဆက်ဆက်တပ်မတော် ၏ သမိုင်းတစ်လျှောက်တွင် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ် စစ်ဆင်ရေး၊ တပ်မတော်သားများ အတွက် ပညာရေးနှင့်စည်းရုံးရေး လုပ်ငန်းများကို အောင်မြင် ကျေပွန်စွာ ထမ်းရွက်ခဲ့သကဲ့သို့ အနာဂတ် ကာလများတွင်လည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၍ တာဝန်များကို ဆက်လက် ထမ်းဆောင်လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

# ရွှေရောင်အိပ်မက်များနောက်ကွယ်က အွန်လိုင်းလိမ်လည်မှုလုပ်ငန်း၏ လူကုန်ကူးမှုကျော့ကွင်း (ကမ္ဘောဒီးယားရောက် မြန်မာလူငယ်တို့၏ သင်ခန်းစာ)

**ယနေ့ခေတ်ကာလတွင် စီးပွားရေးအကျပ်အတည်းနှင့် အလုပ်အကိုင်ရှားပါးမှုများကို အခွင့်ကောင်းယူကာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် အစေခိုင်းစေရန်အတွက် ပုံစံအမျိုးမျိုးဖြင့် လိမ်လည်သွေးဆောင်ခေါ်ယူနေမှုများသည် အိမ်နီးချင်းနိုင်ငံများတွင် မှိုလိုပေါ်များလာလျက်ရှိပါသည်။**

ဇေဌ (လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)

အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ "အွန်လိုင်းလိမ်လည်မှု"(Online Scams) ဟု ခေါ်ဆိုသော ငွေကြေးလိမ်လည်သည့် လုပ်ငန်းစုများသည် မြန်မာလူငယ်များစွာ၏ဘဝကို မြေစာပင်ဖြစ်စေခဲ့သည်။ အဆိုပါ မိမိတို့၏ ရင်ဝယ်သားလူငယ်များကို နိုင်ငံတော်က မိခင်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီးလည်း ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်လိုသည့် မြန်မာလူငယ်များ များပြားလာသည်နှင့်အမျှ **"လစာကောင်းကောင်း၊ အလုပ်သက်သာ"** ဟူသောမက်လုံးများဖြင့် လိမ်လည်သွေးဆောင်ဖြားယောင်းနေမှုများသည် လူကုန်ကူးမှုဘေးအန္တရာယ်ဆိုးတွင်းသို့ ဆွဲခေါ်နေသလိုဖြစ်နေပါသည်။ အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းများ (Online Scams) တွင် အစေခိုင်းစေခံရသည့် မြန်မာလူငယ်များ၏ ဖြစ်ရပ်အား သင်ခန်းစာရယူရန် ရည်ရွယ်ပါသည်။

## ဆွဲဆောင်မှုရှိသော "ပိုက်ကွန်"

**ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော လူငယ်များ၏ အတွေ့အကြုံများအရ အွန်လိုင်းလိမ်လည်သည့် လုပ်ငန်းများသည် လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook နှင့် Telegram တို့တွင် အလုပ်ခေါ်စာများကို ဆွဲဆောင်မှုရှိစွာ တင်လေ့ရှိကြောင်း၊ အင်္ဂလိပ်စာ ပြောဆိုတတ်ရန်မလို၊ ဘွဲ့ရရန်မလို၊ ကွန်ပျူတာအခြေခံရှိရုံဖြင့် တစ်လလျှင် လစာ အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်ရမည်ဟု စည်းရုံးခဲ့ကြကြောင်း သိရှိရပါသည်။**

အဆိုပါမက်လုံးများသည် မိမိတို့၏ လူနေမှုဘဝ တိုးတက်မှုကို ရှာဖွေနေသော လူငယ်များအတွက် ရွှေရောင်အိပ်မက်တစ်ခု ဖြစ်လာခဲ့ပါသည်။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရမည့်အပြင် "လမ်းစရိတ်အခမဲ့၊ ဗီဇာနှင့် နေစရိတ်အခမဲ့"ဟူသော စကားများဖြင့် ဖြားယောင်းကာ လေကြောင်းလိုင်းမှတစ်ဆင့်သော်လည်းကောင်း၊ တာချီလိတ်မြို့ မယ်ဆိုင်တံတားမှ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်ဖြင့် လည်းကောင်း၊ မြဝတီမြို့မှ မဲဆောက်သို့ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်ဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ပြီး တောလမ်းများကို ဖြတ်ကာ ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ ပို့ဆောင်ခံကြရပါသည်။ သို့သော် ထို "အခမဲ့" ဆိုသည့် စကားနောက်တွင် ထိုသူတစ်ဦးချင်းစီ၏ ခေါင်းပေါ်၌ "ရောင်းကြေး"(Bounty)များရှိနေသည်ကို ကာယကံရှင်များ မသိရှိကြပေ။

## အွန်လိုင်းလိမ်လည်မှု (Online Scam) ဆိုသည်မှာ ဘာလဲ

၎င်းတို့၏ အဓိကအလုပ်မှာ – အမျိုးသမီးချောလေးများ၏ ပုံကိုသုံး၍ Facebook/ Telegram တွင် အကောင့်တုများ ဖွင့်ခြင်း၊ နိုင်ငံခြားသားများ သို့မဟုတ် ငွေကြေးတတ်နိုင်သူများကို ချဉ်းကပ်ကာ အချစ်ရေးဖြင့် မြှူဆွယ်ခြင်း(Pig Butchering Scam)၊ ယုံကြည်မှုရလာပါက အွန်လိုင်းမှတစ်ဆင့် ငွေတိုးရင်းနှီးမြှုပ်နှံရန် ဖြားယောင်းပြီး ငွေများအားလုံးကို လိမ်လည်ယူခြင်းနှင့် အခြားနည်းလမ်းများ အသုံးပြုကာ ငွေများကို လိမ်လည်ရယူခြင်းဖြစ်သည်။

အွန်လိုင်းလိမ်လည်မှု (Online Scam) အများဆုံးကျူးလွန်သည့် ပုံစံ ၅ မျိုးမှာ –

(၁) Applicationများ၊ Website အတုများအသုံးပြု၍ သတင်းအချက်အလက်များ ရယူလိမ်လည်ခြင်း (Phishing Fraud)၊

(၂) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းအယောင်ဆောင်၍ လိမ်လည်ခြင်း (Social Media and Telecom–munication Fraud)၊

(၃) အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း (Online Romance Fraud)၊

(၄) အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကြောင်းပြ၍ လိမ်လည်ခြင်း (Online Trading / Trading Platform Fraud)၊

(၅) အလုပ်အကိုင်ရရှိမည်ဟု အကြောင်းပြ၍ လိမ်လည်ခြင်း (Employment Scam) တို့ဖြစ်ပေသည်။

## လက်တွေ့ရင်ဆိုင်ရသည့်အခြေအနေ

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းစုများသည် ကာစီနိုရုံဟောင်းများ သို့မဟုတ် ဝေးလံသောမြို့သစ်စီမံကိန်းများရှိ အထပ်မြင့်အဆောက်အအုံများတွင် အခြေစိုက်ကြသည်။ ကမ္ဘောဒီးယားနိုင်ငံ စီဟာနုဗေး (Sihanoukville)နှင့် နယ်စပ်ဒေသများသို့ ရောက်ရှိသွားသော လူငယ်များ ကြုံတွေ့ရသည့်အခြေအနေများမှာ ကတိများနှင့် တခြားစီဖြစ်သည်။

အလုပ်ခွင်သို့ ရောက်ရှိသွားသောအခါ လူငယ်များသည် မိမိတို့ထင်မှတ်ထားသည့် ရုံးအလုပ်မျိုးမဟုတ်ဘဲ ကမ္ဘောဒီးယားနိုင်ငံရှိ စီဟာနုဗေး(Sihanoukville)၊ ဖနွမ်းပင်(Phnom Penh)နှင့် နယ်စပ်မြို့များရှိ အထပ်မြင့်အဆောက်အအုံများတွင် ထိန်းချုပ်ခံထားရကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းတွင် "လိမ်လည်ရသူ" (Scammer)အဖြစ် အတင်းအဓမ္မစေခိုင်းခံရသည်။ တစ်နေ့လျှင် ၁၅ နာရီမှ ၁၈ နာရီအထိ မနားတမ်း အလုပ်လုပ်ရပေသည်။

**အလုပ်သဘာဝ** – လူမှုကွန်ရက်တွင် အကောင့်အတုများဖွင့်၍ ကမ္ဘာတစ်ဝန်းရှိ လူများကို ငွေကြေးရင်းနှီးမြှုပ်နှံရန် သို့မဟုတ် အချစ်ရေးဖြင့် လိမ်လည်ရန် (Pig Butchering Scam) ခိုင်းစေခံရသည်။

**ချုပ်နှောင်ခံရမှု** – ခြံဝင်းအတွင်းမှ အပြင်သို့ ထွက်ခွာခွင့်မရှိဘဲ လက်နက်ကိုင်လုံခြုံရေးများဖြင့် စောင့်ကြပ်ထားခြင်း ခံရသည်။

> ✻ **ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော လူငယ်များ၏ အတွေ့အကြုံများအရ အွန်လိုင်းလိမ်လည်သည့်လုပ်ငန်းများသည် လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook နှင့် Telegram တို့တွင် အလုပ်ခေါ်စာများကို ဆွဲဆောင်မှုရှိစွာ တင်လေ့ရှိကြောင်း၊ အင်္ဂလိပ်စာပြောဆိုတတ်ရန်မလို၊ ဘွဲ့ရရန်မလို၊ ကွန်ပျူတာအခြေခံရှိရုံဖြင့် တစ်လလျှင် လစာ အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်ရမည်ဟု စည်းရုံးခဲ့ကြ**
>
> ✻ **အဆိုပါမက်လုံးများသည် မိမိတို့၏ လူနေမှုဘဝတိုးတက်မှုကို ရှာဖွေနေသောလူငယ်များအတွက် ရွှေရောင်အိပ်မက်တစ်ခုဖြစ်လာခဲ့ပါသည်။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရမည့်အပြင် "လမ်းစရိတ်အခမဲ့၊ ဗီဇာနှင့် နေစရိတ်အခမဲ့"ဟူသောစကားများဖြင့် ဖြားယောင်း။ သို့သော် ထို "အခမဲ့" ဆိုသည့်စကားနောက်တွင် ထိုသူတစ်ဦးချင်းစီ၏ ခေါင်းပေါ်၌ "ရောင်းကြေး"(Bounty)များရှိနေသည်ကို ကာယကံရှင်များ မသိရှိကြပေ**

**နှိပ်စက်ညှဉ်းပန်းမှု** – သတ်မှတ်ထားသော အရေအတွက်မပြည့်ပါက ရိုက်နှက်ခြင်း၊ လျှပ်စစ်ကျဉ်စက်ဖြင့် တို့ခြင်း၊ အစာငတ်ထားခြင်းနှင့် အဆိုးရွားဆုံးအခြေအနေဖြင့် ပြန်လည်ရောင်းချခြင်း(Reselling)များ ကြုံတွေ့ရနိုင်ပေသည်။

**ပြန်ပေးဆွဲသကဲ့သို့ငွေတောင်းခြင်း** – အလုပ်မှ ထွက်လိုပါက လျော်ကြေးအဖြစ် ဒေါ်လာသောင်းချီပေးဆောင်ရမည်ဟု ခြိမ်းခြောက်ခြင်းခံရပေမည်။

## ကမ္ဘောဒီးယားနိုင်ငံအွန်လိုင်းငွေလိမ်လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ရသည့် ကိုယ်တွေ့ကြုံရသူ၏ စကားသံ

**"လိုင်းပေါ်မှာ လူခေါ်တဲ့ဟာတွေ တွေ့တယ်။ ကျွန်မတို့ သွားပြီးတော့ ဆက်သွယ်ကြည့်တော့ ဒီအလုပ်က အလွန်ကောင်းတယ်။ တစ်လကို သိန်း ၄၀ လောက်ရမယ်။ ဘာမှမလုပ်ရဘူး။ Customer Service ပေးရုံပဲဆိုပြီး ခေါ်ခဲ့တာ။ ဟိုမှာ တစ်လကို သိန်း ၄၀ လောက်ရတယ်ဆိုပြီးတော့ သွားခဲ့တာပေါ့။ စရောက်တော့ တစ်ရက်လောက်ပေးနားတယ်။ ရောက်တဲ့အချိန်မှာ Facebook အတိုင်းပဲ IG အကောင့်တွေ ဖွင့်ရတယ်။ ပြီးရင် အဲဒီကနေမှ ရည်ညွှန်းတဲ့ နိုင်ငံကို အင်ဒိုနီးရှားဆို အင်ဒိုနီးရှား၊ US ဆို US ပေါ့။ ကျွန်မတို့က အင်ဒိုနီးရှားကို လူရှာပြီးတော့မှ Whatsapp ရဖို့အတွက် ကျွန်မတို့က တောင်းပေးရတာ။ ပြဿနာတွေမဖြစ်ခင်မှာ ကျွန်မတို့က သံရုံးကို တိုင်မယ်ပေါ့။ သံရုံးကို တိုင်ပြီးတော့မှ သံရုံးက လာခေါ်ပေးတာကို စောင့်မယ်ဆိုပြီးတော့မှ စီစဉ်ထားကြတာ။ အဲဒီကနေမှ ကမ္ဘောဒီးယားအစိုးရက လိုက်လံဖမ်းဆီးတဲ့အခါမှာ ဖြစ်ချင်တာဖြစ်တော့ သေရင်လည်း သေပါစေ၊ ရှင်ရင်လည်း ငါတို့ မြန်မာပြည်တော့ရောက်အောင် ပြန်မယ်။ ဘယ်လိုနည်းနဲ့မဆို ဆိုပြီးတော့ အဲဒီကနေ ထွက်ပြေးပြီး နီးစပ်ရာ ကမ္ဘောဒီးယားတွေကို မေးပြီးတော့မှ ကားငှားပြီး သံရုံးကို ရောက်အောင်သွားခဲ့တာ။ စရောက်တော့ သံအမတ်ကြီးရော၊ သံရုံးက အစ်မတွေရော အလွန်သဘောကောင်းတယ်။ အကုန်လုံးလည်း အစစအရာရာ ကူညီပေးတယ်။ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ အပြင်မှာတောင်မနေခိုင်းဘဲ သံရုံးထဲမှာပဲနေဖို့၊ ထိုင်ဖို့တွေ အစစအရာရာ ကျန်းမာရေးကအစ အကုန်လုံး ဂရုစိုက်ပေးတယ်။ နေမကောင်းဘူးဆိုရင်လည်း ဆေးခန်းပြပေးတယ်။ အစားအသောက်ဆိုရင်လည်း သူတို့စီစဉ်နိုင်သလောက် အကုန်လုံးစီစဉ်ပေးပြီးတော့မှ အားလုံးနွေးနွေးထွေးထွေးနဲ့ ဆက်ဆံပေးတယ်။ အစကနေ အဆုံးထိပေါ့။"**

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းငွေလိမ်လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ရသည့် မြန်မာနိုင်ငံသားလူငယ်များ၏ ပြောပြချက်အရ ကမ္ဘောဒီးယားနိုင်ငံတွင် အွန်လိုင်းရှော့ပင်း ဈေးရောင်းလုပ်ကိုင်ရမည်၊ လုပ်ခလစာ အမေရိကန်ဒေါ်လာ ၆၀၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံပို့ဆောင်ပေးမည်၊ နိုင်ငံကူးလက်မှတ်စာအုပ်မရှိလည်း ရသည်၊ သွားရောက်မည်ဆိုပါက ကိုယ်ပိုင်အကောင့်သို့ လာရောက်ဆက်သွယ်ပါဟု ကြော်ငြာထားသည်ကိုတွေ့ရှိ၍ ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း၊ ပွဲစားဖြစ်သူ၏ Telegram အကောင့်မှ ချိတ်ဆက်စီစဉ်ဆောင်ရွက်ပေးမှုဖြင့် တာချီလိတ်မြို့သို့ ရောက်ရှိခဲ့ကြောင်း၊ မယ်ဆိုင်တံတားမှ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်အား ပြုလုပ်ပြီး ၂၀–၁၂–၂၀၂၅ ရက်နေ့တွင် တာချီလိတ်မြို့မှ မယ်ဆိုင်မြို့သို့လည်းကောင်း၊ မယ်ဆိုင်မြို့မှတစ်ဆင့် ဘန်ကောက်မြို့သို့လည်းကောင်း ကားဖြင့်သွားရောက်၍ ၎င်းမြို့မှ ကားဖြင့် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့(KAM POT)မြို့ အပြင်ဘက် BoKorတောင်ပေါ်မှ KAMPOT–2အမည်ရှိကုမ္ပဏီသို့ရောက်ရှိခဲ့ကြောင်း၊ လေးထပ်တိုက် အခန်း(၂၀)ပါသည့် အဆောက်အအုံတွင် နေထိုင်ခဲ့ရပြီး ကွန်ပျူတာနှင့် ဖုန်းများကိုအသုံးပြုကာ Telegram မှ အကောင့် ၁၀၀၀ ခန့်ချပေးပြီး အသက် ၃၅ နှစ်အထက်ရှိ စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အမျိုးသမီးဓာတ်ပုံများအား Profile တင်ကာ နိုင်ငံခြားသားအကောင့်များကို ရှာပေးရကြောင်း၊ နိုင်ငံခြားသားများမှ အကောင့်လာအပ်ပါက အဖွဲ့ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားသားထံ လွှဲပြောင်းပေးရပြီး အဖွဲ့ခေါင်းဆောင်က ငွေကြေးလိမ်လည်မှုကို ဆက်လက်ပြုလုပ်ကြောင်း သိရှိရပါသည်။

## Online Scams တွင် လုပ်ကိုင်ခဲ့ရသူများအပေါ် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးမှု

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပါသည်။ Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။**စာမျက်နှာ ၁၃ သို့** ☆

☆ စာမျက်နှာ ၁၂ မှ

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီစစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟု သံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားလူငယ်များကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အထိ မြန်မာနိုင်ငံသားများကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) နှင့် တပ်မတော်လေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စားသောက်နေထိုင်မှုများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားလူငယ်များအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းစာရင်းကောက်ယူခြင်း စသည့် စိစစ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

**Online Scams နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ မူဝါဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှုအား အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio A ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာတွင် "အွန်လိုင်းလိမ်လည်မှု အွန်လိုင်းလောင်းကစားမှုများသည် လူသားများအပေါ် ကျူးလွန်သော ကြီးလေးသည့်ရာဇဝတ်မှုများဖြစ်သည်ဟု မြန်မာနိုင်ငံအစိုးရက သတ်မှတ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ မူဝါဒသည် Zero Tolerance Policy ဖြစ်ကြောင်း၊ နည်းနည်းလိမ်သည်ဖြစ်စေ၊ များများလိမ်သည်ဖြစ်စေ ခွင့်လွှတ်မှုမရှိ ရေဆုံးရေဖျားလိုက်လံချေမှုန်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရက ကျင့်သုံးမည့်နည်းလမ်း (Method)သည် Aggressive Crack Downs Method ပြင်းပြင်းထန်ထန် နှိမ်နင်းမည့်မူဝါဒဖြစ်ပါကြောင်း" ပြတ်ပြတ်သားသား ကြေညာထားပြီးဖြစ်ပါသည်။

ယင်းတို့ကိုဆောင်ရွက်ရန် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ၁၀-၁၂-၂၀၂၅ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။ ၁၂-၁၂-၂၀၂၅ ရက်နေ့တွင် **ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီ**တို့ကိုလည်း ဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအလှမ်းမမီသည့် လက်နက်ကိုင်သောင်းကျန်းသူအချို့၏ နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုဂိုဏ်းများက စိမ့်ဝင်လာပြီး အွန်လိုင်းလိမ်လည်မှုအပါအဝင် ဆက်စပ်ရာဇဝတ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိုပြဿနာကို ရိုးရိုးသာမန်ရာဇဝတ်မှုများလို သဘောမထားဘဲ ပြတ်ပြတ်သားသားနှိမ်နင်းခဲ့ပြီး တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းရေးဆွဲခြင်း၊ တရားမဝင် ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသားများပြန်လည်လွှဲပြောင်းပေးခြင်း၊ ပြည်တွင်းပြည်ပ အဓိကတရားခံများအား ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောက်ရွက်လျက်ရှိပါသည်။

**ကြိုတင်ကာကွယ်ခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ**

လူကုန်ကူးမှုသည် နည်းလမ်းအမျိုးမျိုးဖြင့် ပုံစံပြောင်းလာတတ်သဖြင့် တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းအလိုက် ပူးပေါင်းကြိုတင်ကာကွယ်ရမည့်အပြင် Online Scams တွင် လုပ်ကိုင်ရခြင်းနှင့် နောက်ဆက်တွဲ လူကုန်ကူးမခံရစေရေးအတွက် လူကုန်ကူးမှုဆီသို့ ဦးတည်ဖြစ်ပေါ်စေနိုင်သည့် ပြည်ပသို့တရားမဝင်ထွက်ခွာမှုများကို ထိန်းချုပ်နိုင်ရေးအတွက် တရားမဝင်ပို့ဆောင်သူများကို စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိပါသည်။

လူကုန်ကူးသူလူပွဲစားများကိုလည်း စုံစမ်းဖော်ထုတ်၍ ထိရောက်ပြစ်ဒဏ်ရရှိရေး တရားစွဲဆိုနိုင်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့်လည်း အောက်ပါလုပ်ငန်းတာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

( ခ ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အား လမ်းညွှန်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊

( ဂ ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့်အခြေခံအချက်အလက်များ ရရှိနိုင်ရေးအတွက် လည်းကောင်း ကျွမ်းကျင်သူများပါဝင်သည့် သုတေသနလုပ်ငန်းအဖွဲ့များ၊ လေ့လာစိစစ်ရေးနှင့် အကဲဖြတ်အဖွဲ့များ၊ အခြားလိုအပ်သော အဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သတိပြုလာစေရေးအတွက် အသိပညာပေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

( င ) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးအရာရှိများအား ခေတ်မီနည်းပညာများဖြင့် လေ့ကျင့်သင်ကြားရေး၊ အခြားနိုင်ငံများမှ ကျွမ်းကျင်သူများနှင့် နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

( စ ) လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးစီမံချက်များ၊ အစီအစဉ်များချမှတ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန/အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံဖြတ်ကျော်၍ တရားမဝင်ရွှေ့ပြောင်းသွားလာမှုနှင့် ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး/နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများမှ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးအာဏာပိုင်များ အချင်းချင်း သတင်းဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဇ ) လူကုန်ကူးခံရသည့် အမျိုးသား/အမျိုးသမီး၊ လိင်ဝိသေသထူးခြားသူများနှင့် ကလေးသူငယ်များ၏ ကာယိန္ဒြေစောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ယင်းတို့၏ အကျိုးအတွက် အလေးဂရုပြုဆောင်ရွက်ခြင်း၊

( ဈ ) ဤဥပဒေအရ ရန်ပုံငွေတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) လူကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များတွင် တရားခံလွှဲပြောင်းရေးနှင့် နိုင်ငံအချင်းချင်း အကူအညီပေးရေးတို့ကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဋ ) ဤဥပဒေအရတရားမစွဲဆိုမီ သက်သေခံအဖြစ် သိမ်းဆည်းထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို လိုအပ်ပါက ချိပ်ပိတ်ထားရန်နှင့် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် ညွှန်ကြားခြင်း၊

( ဌ ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

( ဍ ) လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသည့်ပြစ်မှုများကိုလည်းကောင်း၊ လူကုန်ကူးခံရသူအား စိစစ်ပြီး ၎င်းအား အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အရေးယူရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

( ဎ ) လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် အကူအညီပေးရေးလုပ်ငန်းများအတွက် အစီအမံများ ချမှတ်ပေးခြင်း၊

(ဏ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures – SOP)ကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(တ) လူကုန်ကူးမှုများ တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများအတွက်လည်းကောင်း၊ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း လိုအပ်ပါက ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ထ) လူကုန်ကူးမှုကျူးလွန်သူ တရားခံများကို တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လွှဲပြောင်းရေးအတွက်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဒ ) ဤဥပဒေအရ စုံစမ်းစစ်ဆေးပြီး အရေးယူသောပြစ်မှုတွင် သတင်းပေးသူနှင့် စုံစမ်းစစ်ဆေးအရေးယူမှုတွင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်သည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုချီးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

( ဓ ) ဗဟိုအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊

(န) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

(ပ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**ဘေးကင်းစေရန် မည်သို့ ကာကွယ်ရမည်နည်း**

ဤကဲ့သို့ လူကုန်ကူးမှုဆိုသည့် ငရဲကျင်းအတွင်း မကျရောက်စေရန် လူငယ်များနှင့် မိဘအုပ်ထိန်းသူများ အထူးသတိပြုရန် လိုအပ်ပေသည်။ လွယ်ကူလွန်းသော အခွင့်အရေးကို သံသယရှိပါ။ အရည်အချင်းမလိုဘဲ လစာအဆမတန်များနေသည့် အလုပ်မှန်သမျှသည် ထောင်ချောက်ဖြစ်ရန် ၉၉ ရာခိုင်နှုန်း သေချာပါသည်။ အွန်လိုင်းပေါ်မှအလုပ်ခေါ်စာများ Social Media(Facebook, Telegram, Tiktok)များမှတစ်ဆင့် ချိတ်ဆက်လာသော အလုပ်များကို ပိုမိုသတိထားပါ၊ ပြည်ပသို့ ထွက်ခွာမည်ဆိုပါက တရားဝင်လမ်းကြောင်းကိုသာ အသုံးပြုပါ။ ပြည်ပသို့ အလုပ်သွားလုပ်မည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနက တရားဝင်ခွင့်ပြုချက်ရထားသော အေဂျင်စီများမှတစ်ဆင့်သာ သွားရောက်ပါ။ ခရီးစဉ်အသေးစိတ်ကို စုံစမ်းပါ၊ မည်သည့်မြို့၊ မည်သည့်ကုမ္ပဏီတွင် လုပ်ရမည်ကို ကြိုတင်စုံစမ်းပြီး မိသားစုထံ လိပ်စာနှင့် ဖုန်းနံပါတ်များအား ပေးထားပါ၊ ဆက်သွယ်သတင်းပေး တိုင်ကြားနိုင်မည့် သက်ဆိုင်ရာတပ်ဖွဲ့၊ ဌာနများ၏ Help Line/ Hot Line ဖုန်းနံပါတ်များကို မှတ်သားသွားပါ၊ နိုင်ငံကူးလက်မှတ်(Passport)၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အရေးကြီးသော ကိုယ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကိုယ်နှင့်မကွာထားပါ၊ မည်သည့်အလုပ်ရှင်ဖြစ်စေ နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ကို သိမ်းဆည်းထားပိုင်ခွင့်မရှိပါ။

အချုပ်ဆိုရသော် "အွန်လိုင်းလိမ်လည်မှု" ဆိုသည်မှာ တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝကိုသာမက မိသားစုပေါင်းများစွာကိုပါ ပူလောင်စေသည့် ငရဲကျင်းတစ်ခုဖြစ်ပါသည်။ ရည်ရွယ်ချက်ကို ဖုံးကွယ်၍ သွေးဆောင်ခေါ်ယူနေသော အလုပ်ခေါ်စာများကြောင့် ဖြစ်ပေါ်လာသော ရွှေရောင်အိပ်မက်များနောက်သို့ မစဉ်းစားမဆင်ခြင်လိုက်ပါသွားခြင်းသည် မိမိကိုယ်မိမိ သေတွင်းထဲသို့ ခုန်ဆင်းခြင်းနှင့် အတူတူပင်ဖြစ်သည်။

ထို့ကြောင့် မိမိ၏ ဘဝအနာဂတ်ကို တန်ဖိုးထားသော လူငယ်များအနေဖြင့် သတင်းအချက်အလက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး သတိ၊ ဝီရိယဖြင့် ဆင်ခြင်တုံတရားရှိရှိ ရွေးချယ်ကြပါရန်နှင့် မသေချာသော ရွှေရောင်အိပ်မက်များနောက်သို့ မျက်စိမှိတ်မလိုက်ပါရန် အရေးကြီးပါသည်။ "အွန်လိုင်းလိမ်လည်မှု" လုပ်ငန်းများနှင့် ဆက်နွှယ်ဖြစ်ပေါ်လာသော လူကုန်ကူးခံရမှုသည် လူသားတို့၏ ဘဝနှင့်ဂုဏ်သိက္ခာကို ဖျက်ဆီးနေသည့် လုပ်ငန်းများဖြစ်သဖြင့် မြန်မာလူငယ်များအနေဖြင့် မှန်ကန်သောလမ်းကို အသိ/သတိဖြင့် ရွေးချယ်လျှောက်လှမ်းနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေး၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Virtual ဖြင့် တက်ရောက်





**နေပြည်တော် မေ ၈**

အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး (ASEAN Central Bank Deputies' Meeting – ACDM)၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး (ASEAN Finance and Central Bank Deputies' Meeting – AFCDM) နှင့်ဆက်စပ် အစည်းအဝေးများကို မေ ၇ ရက်မှ ၈ ရက်အထိ ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် ကြီးမှူး၍ Fully Virtual စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

မေ ၇ ရက်တွင် ကျင်းပသည့် အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး၌ ၂၀၂၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံမှ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ၊ ငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံငွေကြေးဖလှယ်မှု အစီအစဉ် ပြန်လည်ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက်များ ပေါင်းစည်းမှုမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်များ၏ အခန်းကဏ္ဍဆိုင်ရာကိစ္စရပ်များအပေါ် အာဆီယံဗဟိုဘဏ်ဒုတိယအကြီးအကဲများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အတည်ပြုချက်ရယူသည့် ကိစ္စရပ်များ အပေါ် အတည်ပြုပေးခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးက ၂၀၂၆ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေး လုပ်ငန်းစဉ်များသည် ငွေရေးကြေးရေး ဈေးကွက်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ လုံခြုံစိတ်ချရသည့် အပြန်အလှန်ငွေပေးချေမှုစနစ်များကို မြှင့်တင်ရန် အထောက်အပံ့ ဖြစ်စေခြင်းတို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယင်းလုပ်ငန်းစဉ်များအပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ငွေရေးကြေးရေးတွင် အားလုံးပါဝင်လာရေး၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ်ငွေပေးချေမှုဆိုင်ရာ ချိတ်ဆက်မှုများ အတွက် အာဆီယံဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ကာ ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ အာဆီယံငွေကြေးဖလှယ်မှု အစီအစဉ် ပြန်လည်ထူထောင်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ပါဝင်လက်မှတ်ရေးထိုးရေးနှင့်စပ်လျဉ်း၍ ပြည်တွင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်နေပါကြောင်းနှင့် အဆိုပါ နားလည်မှုစာချွန်လွှာသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးအတွက် အရေးပါသည့် ရည်မှန်းချက်ပန်းတိုင် တစ်ခုဖြစ်သည့်အတွက် ယင်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံ စီးပွားရေးအသိုက်အဝန်း မဟာဗျူဟာစီမံကိန်း (၂၀၂၆–၂၀၃၀)နှင့် စပ်လျဉ်းသည့် လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ ၂၀၂၆ ခုနှစ် အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းမှုဆိုင်ရာ အစီရင်ခံစာမူကြမ်းနှင့် အာဆီယံလုပ်ငန်းကော်မတီများ၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေး ပေါင်းစည်းရေး လမ်းပြမြေပုံ လုပ်ငန်းစဉ်အောက်ရှိ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အာဆီယံဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုအလိုက် စနစ်တကျခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ ဒေသတွင်း ရေရှည်တည်တံ့သော ဘဏ္ဍာရေးနှင့် စပ်လျဉ်းသည့် စတုတ္ထအကြိမ်မြောက် အစီရင်ခံစာ ထုတ်ပြန်ခြင်း ကိစ္စရပ်များ၊ အာဆီယံ–အာရှဖွံ့ဖြိုးရေးဘဏ် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး မူဘောင်ဆိုင်ရာကိစ္စရပ်များ စသည်တို့အပေါ် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အတည်ပြုချက်ရယူသည့် ကိစ္စရပ်များအပေါ် အတည်ပြုပေးခဲ့ကြသည်။

မေ ၈ ရက်တွင် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကိုကျင်းပရာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ကမ္ဘာ့စီးပွားရေး အလားအလာ၊ မေခရိုစီးပွားရေး သုတေသနရုံးမှ ဒေသတွင်းစီးပွားရေး အလားအလာ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အရှေ့အလယ်ပိုင်း အရေးအခင်းနှင့်စပ်လျဉ်း၍ အာရှနှင့်ပစိဖိတ်နိုင်ငံများတွင် မေခရိုစီးပွားရေးအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ဒေသတွင်းနိုင်ငံများ၏ ပြည်တွင်း ငွေကြေးများ အသုံးပြုပေးချေမှုဆိုင်ရာ ကိစ္စရပ်များ၊ (၁၇) ကြိမ်မြောက် ငွေကြေးဖလှယ်မှုနှင့် စပ်လျဉ်း၍ စမ်းသပ်မှု ပြုလုပ်သည့်ကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုနှင့် ဒစ်ဂျစ်တယ် ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံငွေချေးစာချုပ်ဈေးကွက် တိုးတက်မှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဘဏ္ဍာငွေဖြည့်တင်းမှု အစီအစဉ်များ စသည့်ကိစ္စရပ်တို့အပေါ် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးက ဇင်းမယ်အစီအစဉ် အတွက် ငွေကြေးဖလှယ်မှုဆိုင်ရာ စမ်းသပ်မှု ပြုလုပ်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် (၁၇)ကြိမ်မြောက် ငွေကြေးဖလှယ်မှုဆိုင်ရာ စမ်းသပ်မှုဆောင်ရွက်ခြင်းကို ကြိုဆိုပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ပြုလုပ်ခဲ့သော (၁၆)ကြိမ်မြောက် ငွေကြေးဖလှယ် စမ်းသပ်မှုအရ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များ (Operational Guidelines – OG) တွင် ပြင်ဆင်မှုများကိုလည်း ထောက်ခံပါကြောင်း၊ ငွေဖြစ်လွယ်မှု အခက်အခဲဖြစ်ပေါ်သည့်အခါ ယခုကဲ့သို့ နှစ်စဉ်စမ်းသပ်မှုပြုလုပ်သည့် အစီအစဉ်များသည် ဒေသတွင်း ငွေရေးကြေးရေး တည်ငြိမ်ခိုင်မာမှုကို အားကောင်းစေသည့်အပြင် လုပ်ငန်းစဉ်များ၏ ထိရောက်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုလည်း အထောက်အကူပြုစေနိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ငွေကြေးဖလှယ် ထောက်ပံ့မှုအပေါ် ယုံကြည်မှုကို တိုးမြှင့်ပေးနိုင်ခြင်း၊ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အားနည်းချက်များကို ရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေနိုင်ခြင်း၊ ပြည်ပငွေပေး ငွေယူစာရင်းတွင် ငွေကြေးဆိုင်ရာ ကာလတိုအခက်အခဲ ပေါ်ပေါက်လာပါကလည်း အဆင်သင့်ဖြစ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အနာဂတ်တွင် ဆက်လက်ပြုလုပ်မည့် ငွေကြေးဖလှယ်မှုဆိုင်ရာ စမ်းသပ်မှုအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပြီး အာဆီယံ+၃ နိုင်ငံများ၏ ငွေရေးကြေးရေးစနစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများအပေါ် ကြံ့ကြံ့ခံနိုင်မှုရှိစေရေး ဆိုင်ရာ မြှင့်တင်ဆောင်ရွက်ချက်များတွင် ဆက်လက်ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ၂၀၂၆ ခုနှစ် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် (၂၂) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (22nd ASEAN Central Bank Governors' Meeting – ACGM)၊ (၁၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (13th ASEAN Finance Ministers and Central Bank Governors' Meeting – AFMGM)နှင့် ဆက်စပ်အစည်းအဝေးများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှင်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ (၅)ကြိမ်မြောက် Movement Partner Call ကျင်းပ



**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့က ဆောင်ရွက်နေသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ IFRC Asia Pacific – Partners Call ( Myanmar Earthquake ) Commemorating One Year since the Emergency Appeal –(၅) ကြိမ်မြောက် Movement Partner Call ကို ယမန်နေ့မွန်းလွဲပိုင်းက Hybrid ပုံစံဖြင့် ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်က အသင်းရန်ကုန်ရုံးခွဲမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ Asia Pacific Regional Director – Mr Alexander MATHEOU၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) Regional Director ဖြစ်သူ Mr.Regis Savioz တို့က အွန်လိုင်းမှလည်းကောင်း တက်ရောက်၍ ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de BAECQUE တို့က ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေ အတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံကြက်ခြေနီအသင်း၊ ဖင်လန်နိုင်ငံကြက်ခြေနီအသင်း၊ ကိုရီးယားနိုင်ငံကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■ ကျောဖုံးမှ
လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးအား လည်းကောင်း၊ ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၅၀၀ ခန့်ကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသားကိုးဦးအားလည်းကောင်း၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၄၅၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးအား လည်းကောင်း၊ ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၃၈၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသားကိုးဦးအား လည်းကောင်း စုစုပေါင်း တရားမဝင်ပြည်ပနိုင်ငံသား အမျိုးသား ၅၄ ဦးနှင့်အမျိုးသမီး သုံးဦးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိက ပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မင်းလှမြို့ ဇေယျာသီရိဈေးတွင် ဈေးပိတ်ချိန် မီးဘေးလုံခြုံရေး စစ်ဆေး

**မင်းလှ ဧပြီ ၈**

မင်းလှမြို့ ဇေယျာသီရိဈေးတွင် ဈေးပိတ်ချိန် လျှပ်စစ်မီးများ စနစ်တကျအသုံးပြုစေရေး၊ မီးခလုတ်များ သေချာပိတ်ခဲ့ရန်၊ အမွှေးတိုင်၊ ဖယောင်းတိုင်မီးများ သေချာငြိမ်းသတ်ခဲ့ရန်နှင့် ဆိုလာတပ်ဆင်ထားသည့် ဆိုင်ခန်းများတွင် စနစ်တကျဖြုတ်သိမ်းခဲ့ရန် အစရှိသော သတိပေးဆော်သြခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးမှုများကို ယနေ့ညနေပိုင်းက ဆောင်ရွက်သည်။

အဆိုပါဈေးပိတ်ချိန် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မင်းလှမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် လက်ထောက်ဦးစီးမှူး ဦးဟိန်းထက်အောင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့များက စည်ပင်ဈေးတာဝန်ခံပါ သုံးဦးတို့နှင့် ပူးပေါင်းဆော်သြစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုခန့်**

## ညောင်တုန်းမြို့နယ်၌ ဆန်စက်များအား မီးဘေးလုံခြုံရေး အသိပညာပေးစစ်ဆေးဆောင်ရွက်

**ညောင်တုန်း ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ Good Brother(GBS) ဆန်စက်အား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမင်းသူ ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ပါဝင်သော ပူးပေါင်းအဖွဲ့များက မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ရာတွင် ဆန်စက်အတွင်း လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသွယ်တန်းထားမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးများ လုံလောက်စွာထားရှိရေးနှင့် ရေလုံလောက်စွာထားရှိရေး၊ ဆန်စက်ပတ်ဝန်းကျင် အမှိုက်များကင်းစင်ရေး စစ်ဆေးဆောင်ရွက်ပြီး အကြံပြုအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်သာ**



## ပေါက်ခေါင်းမြို့နယ်၌ သဘာဝမြေသြဇာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်စေရေး လက်တွေ့သရုပ်ပြ

**ပေါက်ခေါင်း ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် စိုက်ပျိုးသစ်ပင်များ ရှင်သန်ဖွံ့ဖြိုး ကြီးထွားရေးအတွက် လိုအပ်သောအာဟာရဓာတ်များ ထောက်ပံ့နိုင်ရန် သဘာဝ ဇီဝမြေသြဇာလက်တွေ့သရုပ်ပြပွဲကို မြို့မအုပ်စု အမှတ်(၃)ရပ်ကွက် နည်းပညာပြန့်ပွားရေးစင်တာ၌ ယမန်နေ့က ပြုလုပ်သည်။



ထိုသို့ ပြုလုပ်ရာတွင် သီးနှံစွန့်ပစ်ပစ္စည်းများ ဖြစ်သော (ကောက်ရိုး၊ ကြံမြှုပ်ချေး၊ ဖွဲနု)၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်း (နွားချေး) နှင့် တင်လဲရည်၊ အသင့်သုံး အကျိုးပြု အဏုဇီဝသက်ရှိများကို စနစ်တကျ တစ်လွှာပြီး တစ်လွှာ အထပ်ထပ်ပြုလုပ်၍ လက်တွေ့သရုပ်ပြခဲ့ပြီး သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်းကြောင့် စိုက်ပျိုးရေးထွက်ကုန်များတွင် ဘေးအန္တရာယ်ကင်းရှင်းစေ၍ မြေအစိုဓာတ်ထိန်းသိမ်းပေးခြင်း၊ မြေကြီးအတွင်းရှိ အပင်များကို အကျိုးပြုသည့် အဏုဇီဝများ တိုးပွားလာစေခြင်း၊ လေဝင်လေထွက် ကောင်းမွန်ခြင်းများ ရရှိမည်ဖြစ်သည်။

အဆိုပါ သရုပ်ပြပွဲသို့ တောင်သူများ တက်ရောက်လေ့လာခဲ့ကြပြီး သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်းသည် ကုန်ကျစရိတ်သက်သာစေပြီး မြေဆီလွှာတိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



## ရန်ကင်းမြို့နယ်၌ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်

**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၈)ရပ်ကွက် နှင်းဆီလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကံဘဲ့ဝန်ထမ်းအိမ်ရာနေ ဝန်ထမ်းများနှင့်မိသားစုဝင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်လင်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်သုံးဦးတို့ဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးခြင်း၊ လျှပ်စစ်မီးနှင့် ဓာတ်ငွေ့မီးဖိုများ စနစ်တကျသုံးစွဲစေရေး၊ 191 Report Application အသုံးပြုပုံကို ရှင်းလင်းဆွေးနွေးခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ဆောင်ရွက်ပေးရာ အိမ်ရာဝင်းဥက္ကဋ္ဌ ဦးညိုမင်းလွင်နှင့် တာဝန်ရှိသူများ၊ အိမ်ရာနေ ဝန်ထမ်းများနှင့် မိသားစုဝင် ၁၀၀ တက်ရောက်ပါဝင်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ပြင်ဦးလွင် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) တရုတ်ဗုဒ္ဓဘာသာစာသင်ကျောင်းရှိ တရုတ်ယူနန်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ခင်မောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို လည်းကောင်း၊ ရဲတပ်ကြပ်ကြီး အေးစိုး(ဇင်ယော်)က“ချစ်တတ်သူတွေအသက်ရှည်ပါစေ”ခေါင်းစဉ်ဖြင့် ဟောပြောပြီး ယာဉ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အဆိုပါ ဟောပြောပွဲသို့ ပြင်ဦးလွင်မြို့ တရုတ်ဗုဒ္ဓဘာသာစာသင်ကျောင်းမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ဘားအံမြို့၌ မီးငြိမ်းသတ်ရေးတွင် စွမ်းစွမ်းတမံငြိမ်းသတ်ခဲ့သူများအား ဂုဏ်ပြု

**ဘားအံ ဧပြီ ၈**

ဘားအံမြို့ ကော့သင်းရှူး ကျေးရွာအုပ်စု လှိုင်ကားကျေးရွာရှိ ရှမ်းလေးဆီဆိုင် အမှတ်(၃)



မီးလောင်မှုတွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဘားအံခရိုင်မီးသတ်စခန်း၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ မီးလောင်မှုတွင် အရောင်းဆိုင်နေရာ၊ ပင်မဆီသိုလှောင်ရုံနှင့် ကျေးရွာနေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှု မရှိစေရေး စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ရှမ်းလေးစက်သုံးဆီဆိုင် အမှတ် (၃) ပိုင်ရှင် ဒေါက်တာကျော်မင်းဟိန်းက ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၈**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး(၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်၌ ကျင်းပသည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ မြဝတီ/ငွေတာရီ/သုတအလင်းမဂ္ဂဇင်းအကောင်းဆုံးကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆု ရရှိကြသူများ၊ ပြည်တွင်း/ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်များနှင့် မြဝတီစာပေတိုက်တို့တွင် (၁၀)နှစ်တိုင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအားလည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များ၊ မြဝတီစာပေတိုက်နှင့် မြဝတီသတင်းစာတိုက်တို့မှ ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။




အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ဘားအံမြို့မှ**

အဆိုပါသဲသောင်ပြင်သင်္ကြန်ကို မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကရင်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး သဲသောင်ပြင်အကျယ်ဧရိယာ ၁၀ ဧကခန့်ရှိသော နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၊ ကရင်အနုပညာရှင်များနှင့် ဒေသခံတေးသံရှင်များ၏ ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ သနပ်ခါးသင်္ကြန်မဏ္ဍပ်၊ ဧည့်ခံကျွေးမွေးရေးစတုဒိသာမဏ္ဍပ်၊ ဒေသထွက်ကုန်နှင့် အစားအစာများရောင်းချသော ဈေးဆိုင်ခန်းများ၊ လာရောက်ရေကစားသူများ အနားယူအပန်းဖြေနိုင်ရန် တောင်ထန်းမိုးကာတဲများ၊ ပင်လယ်ဓားပြကစားကွင်း၊ ပျော့ပျော့အိအိကစားကွင်း၊ သံလွင်မြစ်အတွင်း ရေကစားရန်ဧရိယာ၊ ရေနစ်မြုပ်မှုဘေးအန္တရာယ်ကာကွယ်ရေးပိုက်ကွန်များ၊ ရေပြင်သက်ကယ်အဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုံခြုံရေးအဖွဲ့များဖြင့် အများပြည်သူအေးချမ်းပျော်ရွှင်စွာ၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ပါဝင်ဆင်နွှဲနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း သိရသည်။

နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်ကို ကရင်ပြည်နယ် ဘားအံမြို့တွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် သဲသောင်ပြင်သင်္ကြန်ဖြစ်ပြီး ကရင်ပြည်နယ်၏ သဘာဝအလှတရားကိုထင်ဟပ်ပေါ်လွင်စေလိုသော၊ ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များ၊ အစားအသောက်များနှင့် ဧည့်ဝတ်ကျေပွန်မှုများကိုထင်ဟပ်ပေါ်လွင်စေလိုသော ရည်ရွယ်ချက်များဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဒေသခံများနှင့် အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

သဲသောင်ပြင်သင်္ကြန်မှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ဒေသ၏ခရီးသွားလုပ်ငန်းအား အထောက်အကူပြုစေရန်မျှော်မှန်းပြီး ဒေသ၏ လက်မှုအထည်များ၊ ရိုးရာအစားအစာများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်ကို ဧပြီ ၇ ရက်မှစတင်၍ ဧပြီ ၂၀ ရက်အထိ ၁၄ ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ယိမ်းအဖွဲ့များလေ့ကျင့်ပြင်ဆင်လျက်ရှိ

**မြစ်ကြီးနား ဧပြီ ၈**

ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၌ မိရိုးဖလာယဉ်ကျေးမှုနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လမ်းလျှောက်သင်္ကြန်ပွဲတော်များကို နေရာ သုံးနေရာတွင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် မဟာမဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ရိုးရာယဉ်ကျေးမှုနှင့်အညီ ထည့်သွင်းကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက် ရှိကြောင်း မဟာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

သို့ဖြစ်ပါ၍ ယိမ်းအကပြိုင်ပွဲ ကျင်းပရေး ကော်မတီအနေဖြင့် ဗဟိုမဏ္ဍပ်တွင် ယိမ်းအကပြိုင်ပွဲအား ကိုယ်ပိုင်စာသား/ ကိုယ်ပိုင်အဆို/ ကိုယ်ပိုင်အတီးဖြင့်လည်းကောင်း၊ ကိုယ်ပိုင်စာသား/ စီဒီဖြင့်လည်းကောင်း၊ စီဒီတေးသီချင်းဖြင့်လည်းကောင်း ပြိုင်ပွဲအမျိုးအစားသုံးမျိုးဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ဝန်ကြီးဌာနများ၏ယိမ်းအဖွဲ့များနှင့် ရပ်ကွက်ယိမ်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာနေရာများ၌ ယိမ်းအကများ လေ့ကျင့်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

✪ **ချန်ပီယံလိဂ်မှ**

အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ စပို့တင်းအသင်းဟာ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အိမ်ကွင်းနောက်ဆုံး ၁၇ ပွဲဆက် နိုင်ပွဲရရှိခဲ့တဲ့ စံချိန်လည်း ရပ်တန့်ခဲ့ပြီဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လာမယ့်ပွဲစဉ်မှာ ဘုန်းမောက်အသင်းနဲ့ ပရီမီယာလိဂ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး စပို့တင်းအသင်းက အာမာဒိုရာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းကတော့ ချန်ပီယံလိဂ် ဘုရင်လို့ တင်စားခေါ်ဝေါ်ကြတဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၄၁ မိနစ်မှာ ဒီယက်ဇ်ကတစ်ဂိုး၊ ဒုတိယပိုင်း ၄၆ မိနစ်မှာ ဟယ်ရီကိန်းကတစ်ဂိုးသွင်းယူပေးခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၇၄ မိနစ်မှာ အမ်ဘတ်ပီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

❖ **မြန်မာနေရှင်နယ်မှ**

ဆွမ်လမန်သည် မြန်မာ့လက်ရွေးစင် ကစားသမားအဖြစ် ကာလအတန်ကြာ ပါဝင်ကစားခဲ့သလို ပြည်တွင်း၊ ပြည်ပကလပ်အသင်းများစွာတွင် ကစားခဲ့သည့် အတွေ့အကြုံရှိကစားသမားတစ်ဦးဖြစ်သည်။ ဆွမ်လမန်သည် MNL ကလပ်များဖြစ်သည့် ချင်းယူနိုက်တက်၊ ဇွဲကပင်ယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်အသင်းတို့အပြင် ထိုင်းကလပ်အသင်းများတွင်လည်း ကစားခဲ့သူဖြစ်ကာ ဒဂုံစတားယူနိုက်တက်အသင်းတွင် နောက်ဆုံးကစားခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် နည်းပြချုပ် အဖြစ် ဦးမင်းထွန်းလင်းအား ခန့်အပ်ခဲ့ပြီးနောက် ၎င်းနှင့်လက်တွဲခဲ့ဖူးသည့် တိုက်စစ်ကစားသမား ဆွမ်လမန်ကို စတင်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - YDNB FC**

## မကွေးမြို့၌ သင်္ကြန်ယိမ်းအဖွဲ့များအလိုက် ကြိုတင်လေ့ကျင့်ခြင်းဆောင်ရွက်

**မကွေး ဧပြီ ၈**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့် အညီ ရိုးရာမပျက်ကျင်းပနိုင်ရန်၊ နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဌာနဆိုင်ရာများအလိုက် သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သင်္ကြန်အကအလှများ ဓာတ်တိုက်လေ့ကျင့်လျက်ရှိသည်။



သင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ကျောင်းများအလိုက် ယိမ်းအဖွဲ့ ၁၈ ဖွဲ့က သက်ဆိုင်ရာ နေရာများတွင် ကြိုတင်လေ့ကျင့် ဆောင်ရွက်လျက်ရှိပြီး ဗဟိုမဏ္ဍပ်၊ ဝန်ကြီးဌာနမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်နှင့် စတုဒိသာကျွေးခြင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

### ကျင်းပသွားမည်ဖြစ်

မကွေးမြို့ မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ နံနက်ပိုင်းတွင် ဖွင့်ပွဲကျင်းပသွားမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ ညနေပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုဒ် | နိုက် ထရိုဂျင် ဒိုင် အောက် ဆိုဒ် | အို ဇုန်း | ကာဗွန် မို နောက် ဆိုဒ် |
| ၁ | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## သထုံမြို့ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမပေါ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**သထုံ ဧပြီ ၈**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပူပြင်းခြောက်သွေ့၍ နေ့အပူချိန်များ မြင့်မားနေသည့်ကာလ၌ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ် သတိပြုကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေလှုံ့ဆော်ခြင်းကို ယနေ့နံနက်ပိုင်းက သထုံမြို့ သုဝဏ္ဏဈေးရှေ့ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်၌ ပူးပေါင်းဆောင်ရွက်ကြသည်။




လက်ကမ်း စာစောင်များ ဖြန့်ဝေ အသိပညာပေးရာတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၏ ဦးဆောင်မှုဖြင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းကာ ရန်ကုန်-မော်လမြိုင်အဝေးပြေးကားလမ်းမပေါ်၌ ခရီးသွားလာနေကြသည့် ပြည်သူများအား အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

သထုံမြို့နယ်အတွင်း နေ့အပူချိန်များ မြင့်မားနေသည့်ကာလတွင် အပူဒဏ်အန္တရာယ် ထိခိုက်ခံစားရသည့် လူနာအား အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ကုသနိုင်ရေးအတွက် သထုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ စနစ်တကျပြင်ဆင်ထားရှိကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ရေးမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

**ရေး ဧပြီ ၈**

မွန်ပြည်နယ် ရေးမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော ဆိုးကျိုးများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ခြင်းအနေဖြင့် အသိပညာပေးခြင်းများကို မတ် ၂၅ ရက်မှစ၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရပ်ကွက်၊ ကျေးရွာများအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးထက်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်အန္တရာယ် သတိပြုကာကွယ်လိုက်နာရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများနှင့် အပူဒဏ်အန္တရာယ်ကြောင့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အလားတူ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်းများကို ကျန်ရှိသည့် ရပ်ကွက်၊ ကျေးရွာများတွင်လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**

## အောင်မြေသာစံမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဧပြီ ၈**

ပြည်သူလူထုအတွင်း အပူဒဏ်အန္တရာယ်နှင့်ပတ်သက်၍ သတိပြုရမည့်အချက်များ ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဓာတ်ဆားထုပ်များ ဝေငှခြင်းနှင့် ပိုစတာများချိတ်ဆွဲခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက အောင်မြေသာစံမြို့နယ်အတွင်းရှိ နန်းတော်ရှေ့ဈေး၊ ဆရာစံဈေးနှင့် ညောင်ပင်ဈေးတို့တွင် ပြုလုပ်ကြသည်။

### လက်ကမ်းစာစောင်များဝေငှ

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန့်စင်လင်းနှင့် သူနာပြုများ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ ယနေ့နံနက်ပိုင်းက ဈေးသူ ဈေးသားများ၊ ဈေးဝယ်လာပြည်သူများနှင့် လမ်းသွားလမ်းလာများအား အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဓာတ်ဆားထုပ်များ ဝေငှခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သံဖြူဇရပ်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**သံဖြူဇရပ် ဧပြီ ၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ပြည်သူများ အပူဒဏ်အန္တရာယ် ကာကွယ်နိုင်ရန်အတွက် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဧပြီ ၇ ရက်က သံဖြူဇရပ်မြို့ အမှတ်(၁) မြို့မဈေးကြီးနှင့် အမှတ် (၂)ဈေးတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသန့်ဇင်က ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁)မြို့မဈေးကြီးနှင့် အမှတ်(၂) မြို့မဈေးတို့အတွင်းရှိ ဈေးရောင်းဈေးဝယ်သူများနှင့် ဈေးရှေ့ရှိ ခရီးသွားပြည်သူများအား အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်တွင်ပါဝင်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့်အပူဒဏ်ကြောင့်သတိလစ်ခြင်းများ ဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ကြစေရေး အသိပေးပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ မုဒိတာအိမ်ရာ(၂)၊ အမှတ်(၈၉၅)၊ တိုက်ခန်းအမှတ်(2B-264)၊ ဒုတိယထပ်(၂)လွှာ၊ (၆၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်မြခိုင်ဇာအောင် [၉/မခန(နိုင်)၁၈၃၂၇၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုခိုင် [၁၂/သကတ(နိုင်)၁၇၄၃၉၇]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဉာဏ်မင်းထက်(LL.B,DIPL,PGDB) ဒေါ်ယုဇန်ကို(LL.B,PGDB)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂) အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**
**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း- ၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဖလမ်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်သင်းယုစိုးလွင် [၁၂/ဥကမ(နိုင်)၁၈၄၀၇၆] အမည်ဖြင့် ချထားပေးသော မြေကွက်အမှတ်(၂၈၂)၊ မြေအကျယ် (၄၀ပေx ၆၀ပေ)အကျယ်ရှိ (ပါမစ်)မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်စိုးစိုးဦး[၁၂/မဂတ(နိုင်)၀၃၄၁၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ပိုင်အောင် [၁၂/ဗတထ(နိုင်)၀၄၀၇၅၉]က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား၊ ပါမစ်မူရင်း၊ စာချုပ်စာတမ်းမူရင်းများယူဆောင်ပြီး ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမင်းသန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊**
**သန်လျင်မြို့။ ဖုန်း-၀၉-၅၀၉၂၁၀၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ်(၅၁) ခဲစင်း၊ ၆၄(စီ)လမ်း၊ ၁၁၂x ၁၁၂(အေ)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လုရီကျူး (ခ)ကြူကြူဝင်း၏ (SP ရရှိသူ ဒေါ်ခင်သန္တာထွန်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၅၀၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင် မောင်ထွေး[၁၃/ကခန(နိုင်)၀၃၂၃၆၆]က အမှုတွဲအမှတ်(၀၀၁၀/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ ဇေယျဝတီ(၂)လမ်း၊ ကွင်းအမှတ်(၁၁၄၈)၊ လှည်းကူးဆိပ်ကွင်း၊ ဦးပိုင်အမှတ်(၃/ခ/၁၆) ဒေါ်အိအိမွန် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိသော ဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်အိအိမွန်(ဘ) ဦးမျိုးမြင့် [၁၂/လကန(နိုင်) ၁၇၃၄၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးတင်မြင့်ရွှေ [၁၂/မရက(နိုင်) ၁၆၄၈၀၄]က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီးဖြစ်၍ ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက် စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးတင်မြင့်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၀၂၄)**
**(၁/ရ-၅ လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း- ၀၉- ၄၂၁၀၃၀၆၈၇**

## "(၁၀-၃-၂၀၂၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ - ၂၃ တွင် ဒေါ်ကျင်ရွှေ [၁၂/မရက(နိုင်)၀၀၉၈၆၆]၏ အများသိစေရန်ကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း"

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ကျင်ရွှေ [၁၂/မရက(နိုင်) ၀၀၉၈၆၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ် ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ ကျောက်ရေတွင်း၊ မင်းရဲကျော်စွာ (၃)လမ်း၊ မြေကွက်အမှတ် (၁၅၅)၊ အကျယ် အဝန်း (အလျား ၂၅ ပေx အနံ ၅၀ ပေ)၊ ဦးသိန်း (ISN-056880) အမည်ဖြင့် တည်ရှိသော မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျင်ရွှေနှင့် မောင်နှမ (၆)ဦး တို့သည် ဖခင် ဦးသိန်း၊ မိခင် ဒေါ်အေးရီတို့ထံမှ အမွေဆက်ခံပိုင်ခွင့်ရှိသူ အမွေရှင် များဖြစ်ကြပါသည်။ အထက်ပါလိပ်စာရှိ အိမ်နှင့် မြေကို ယခုအခါ အရောင်း အဝယ်ပြုလုပ်ခဲ့ပြီး တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကျင်ရွှေနှင့် မောင်နှမများက သဘောတူလက်ခံရယူခဲ့ ပြီးဖြစ်သဖြင့် (၁၀-၃-၂၀၂၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၃ တွင် ဖော်ပြခဲ့သည့် ကန့်ကွက်ကြောင်းကြေညာအား ယခုရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးညီညီထွန်း (LL.B) ဒေါ်မြဒါလီအောင်(LL.B) ဒေါ်နေဇာမျိုးဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၁၇၅၅၃/၂၁) (စဉ်- ၁၉၄၈၆/၂၄) (စဉ်- ၅၆၃၂၅/၂၀၂၄)**
**အမှတ်- ၈၃၊ အခန်း- ၁၁၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၄၇၇၄၅၀၉၈**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ နေပြည်တော်အုတ်စက်ရုံ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော်အုတ်စက်ရုံတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မကွေးတိုင်းဒေသထွက် ကျောက်မီးသွေး ၅,၀၀၀ တန်အား တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | အမျိုးအစား | ဝယ်ယူမည့် တန် | ရေငွေ့ပါဝင်မှု နှုန်း | အပူဓာတ် ပေးသည့်နှုန်း |
|---|---|---|---|---|
| (က) | ကျောက်မီးသွေး | ၅,၀၀၀တန် | < ၁၂% | 5000 KCal/Kg, 9000 Btu/L |

၂။ (က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၉ - ၄ - ၂၀၂၆
( ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃ - ၄ - ၂၀၂၆ ရက်နေ့ (၁၆: ၀၀)နာရီ
( ဂ) တင်ဒါတင်သွင်းရမည့်နေရာ - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည် -
- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား - တောင်ညိုကားလမ်း၊ မိုင်တိုင် ၁၆/၄၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
- ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၉-၂၆၄၁၃၈၄၂၅၊ ၀၉- ၇၆၀၁၅၅၇၂၉

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ လူနေရပ်ကွက်အမှတ်(၄)၊ ၁/မြလမ်း၊ မြေကွက်အမှတ် (၁) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ကေတုမတီကုမ္ပဏီလီမိတက်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၃၀၁/၂၉၇ x ၅၅၁/၅၅၀)ပေ၊ (၃.၇၇၉)ဧကရှိ နှစ်(၆၀) စက်မှုဂရန်မြေကွက်ကြီးထဲမှ တရားဝင် ခွဲစိတ်ခြင်းမပြုရသေးသော ဒေါ်ကာလီယာမ (ခ) ရတနာပိုင်ဆိုင်သော အကျယ် အဝန်း (၁၁၀x၂၉၇) ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ကာလီယာမ (ခ) ရတနာ [၁၂/မဂတ (နိုင်) ၀၇၉၇၄၈] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ် တို့၏မိတ်ဆွေ ဦးငြိမ်းချမ်းအောင် [၅/မရန (နိုင်) ၀၁၅၁၇၅] မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငြိမ်းချမ်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) ဒေါ်မျိုးမျိုးအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃) အထက်တန်းရှေ့နေ (စဉ်-၄၃၉၇၈)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ စီ[ခ])၊ လူနေရပ်ကွက်အမှတ် (ကာဃ)၊ ကာဃ (၅)လမ်း၊ မြေကွက်အမှတ် (၂/၁၇၈) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ကေသီမျိုးမွန် အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၁၀၂/၉၆ x ၁၉၂/၁၈၄)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ် တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ထားသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ကေသီမျိုးမွန် [၁၂/မဂဒ(နိုင်) ၀၉၅၈၄၄] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချ ရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စိုးနုမော် [၁၂/ဥကမ(နိုင်) ၂၁၇၉၂၈]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်း ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးနုမော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) ဒေါ်မျိုးမျိုးအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃) အထက်တန်းရှေ့နေ (စဉ်-၄၃၉၇၈)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၃၂/ ဘီ-၅ (ပေါင်းကူညာဏ စီမံချက်)၊ လူနေရပ်ကွက်အမှတ် (ပုလဲ)၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ် (၃၆၇/၈) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးငြိမ်းသွင်အမည်ဖြင့် မှတ်သား တည်ရှိသော အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောအဆောက်အဦနှင့် မီတာပုံးအမှတ်- ၃၁၃၅၅၁၇၄၅၅ အပါအဝင် ရေ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ထားသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးငြိမ်းသွင် [၁၂/စခန(နိုင်) ၀၆၁၇၆၄] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ် တို့၏မိတ်ဆွေ ဦးအောင်ဇော်မြင့် [၇/ပမန(နိုင်) ၀၉၉၀၄၉]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) ဒေါ်မျိုးမျိုးအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၄၃၃) အထက်တန်းရှေ့နေ (စဉ်- ၄၃၉၇၈)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း နိုင်ငံတစ်ဝန်း၌ ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၁၀-၄-၂၀၂၆)ရက် (သောကြာနေ့)ညတွင် သင်္ကြန်တေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်တီးဝိုင်း၏ တီးခတ်မှုနှင့်အတူ ပြင်ပရုပ်ရှင်သရုပ်ဆောင်/ရွှေကြိုများနှင့် ဌာနအဆိုများစုပေါင်း၍ "ခေတ်သစ်မြန်မာ နှစ်သစ်အတာ" ပွဲစဉ်(၂) ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်း များအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်-

(၁၀-၄-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ခေတ်သစ်မြန်မာ နှစ်သစ်အတာ" ပွဲစဉ်(၂) တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | နှစ်သစ်မင်္ဂလာ | ပြင်ပအဆိုရှင် |
| ၂။ | အိမ်မက်စေတမန် | ပြင်ပအဆိုရှင် |
| ၃။ | ညိုမြ | ပြင်ပအဆိုရှင် |
| ၄။ | တုန်ချမ်းချမ်း တုန်ချမ်း | ပြင်ပအဆိုရှင် |
| ၅။ | မူယာကြော့ | ပြင်ပအဆိုရှင် |
| ၆။ | သင်္ကြန်လုလင် | ပြင်ပအဆိုရှင် |
| ၇။ | ပိတောက်လက်ဆောင် | ပြင်ပအဆိုရှင် |
| ၈။ | ရင်ထဲကမြို့မ | ပြင်ပအဆိုရှင် |
| ၉။ | တို့တစ်တွေမြူးမယ် | ပြင်ပအဆိုရှင် |
| ၁၀။ | နွှေဦးကဗျာ | ပြင်ပအဆိုရှင် |
| ၁၁။ | ပိတောက်တစ်မျက်နှာ | ပြင်ပအဆိုရှင် |
| ၁၂။ | လက်ကလေးဆွဲထား | ဌာနအဆိုရှင် |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန လက်အောက်ရှိ ကျိုက္ကဆံ ယာဉ်အပိုပစ္စည်းရောင်း ဝယ်ရေးစခန်းအတွင်းရှိ (၁၀ပေ x ၁၅ပေ)အကျယ်ရှိ ဇီဇဝါဆောင်၊ ဆိုင်ခန်းအမှတ်(၁၃)၊ အား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်လတ်(ခ)အဒူဟာကိမ်း[၁၂/ဒပန(နိုင်)၀၆၆၀၇၆]ထံမှ ဦးမိုဟာမက်ခါန်း [၁၂/ဒပန(နိုင်)၀၆၆၀၇၇]သည် နှစ်ဦးသဘောတူ ဆိုင်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင် ဝယ်ယူပြီး ဖြစ်ပါ၍ အဆိုပါ ဆိုင်ခန်းအမည်ပေါက်အား ဦးမိုဟာမက်ခါန်း[၁၂/ဒပန(နိုင်)၀၆၆၀၇၇]အမည်သို့ အမည်ပြောင်းလဲ လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားအပြည့်အစုံဖြင့် ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ် အပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ ကွပ်ကဲမှုရုံးသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၆၅၁)**
**အမှတ် (၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း- ၀၉-၄၂၀၀၃၁၃၅၂**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ အ.မ.က ယင်းမာပင်ကျောင်း GRADE-5မှ မောင်ကောင်းထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝေဦး [၇/အလန(နိုင်) ၂၁၅၀၆၃] ဖြစ်ပါသည်။

**ဦးဖြိုးဝေဦး**
**[၇/အလန(နိုင်)၂၁၅၀၆၃]**

## တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ် (၂၄-ဠ)၊ ၁၂x၁၄ ကြား၊ ၈၇x၈၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင် [၉/အမဇ(နိုင်) ၀၀၀၁၅၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဖလမ်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ဆွေဆွေကျော်[၁၂/ဒဂမ(နိုင်)၀၀၁၉၂၈] အမည်ဖြင့်ချထားပေးသော မြေကွက်အမှတ်(၂၈၀)၊ မြေအကျယ် (၄၀ပေx ၆၀ပေ) အကျယ်ရှိ(ပါမစ်)မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်စိုးစိုးဦး [၁၂/မဂတ(နိုင်)၀၃၄၁၄၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ပိုင်အောင် [၁၂/ဗတထ(နိုင်)၀၄၀၇၅၉]က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက် လိုသူများရှိပါက ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား၊ ပါမစ်မူရင်း၊ စာချုပ်စာတမ်းမူရင်းများယူဆောင်ပြီး ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမင်းသန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊**
**သန်လျင်မြို့။ ဖုန်း-၀၉-၅၀၉၂၁၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဖလမ်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအောင်အောင်နိုင် [၁၂/ဒဂမ(နိုင်)၀၀၆၅၈၂] အမည်ဖြင့် ချထားပေးသော မြေကွက်အမှတ် (၂၈၁)၊ မြေအကျယ် (၄၀ပေx၆၀ပေ)အကျယ်ရှိ (ပါမစ်)မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိ ကြောင်း ကတိပြုသူ ဒေါ်စိုးစိုးဦး [၁၂/မဂတ(နိုင်)၀၃၄၁၄၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးထက်ပိုင်အောင် [၁၂/ဗတထ(နိုင်)၀၄၀၇၅၉]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက် အထား၊ ပါမစ်မူရင်း၊ စာချုပ်စာတမ်းမူရင်းများယူဆောင်ပြီး ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမင်းသန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊**
**သန်လျင်မြို့။ ဖုန်း-၀၉-၅၀၉၂၁၀၆**

## ဥတု ရာသီ တောကို မှီ၏

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ Estella Townhouses၊ ခန့်မှန်းမြေနှင့် အဆောက်အအုံအမှတ် (ETH–240)၊ လမ်းအမည် (Lane – 5 )၊ ခန့်မှန်းမြေဧရိယာ (၁၂၁၀)စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့် အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးဉာဏ်လင်းမြင့် [၉/မနမ(နိုင်)၁၂၃၄၃]နှင့် ဒေါ်နန်းစန္ဒာလှထွန်း[၁၃/လလန(နိုင်)၀၇၉၁၉၇]ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပန်းအိဖြူ [၁၂/ဗဟန(နိုင်)၀၉၄၁၉၂]**
**ဖုန်း–၀၉–၅၄၁၂၀၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်းပေါ်တွင် ဆောက်လုပ်ပြီးစီးမည့် အနေအထားဖြစ်သည့် တိုက်အမှတ်(၆၄/၆၆)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၈)ထပ် ဓာတ်လှေကားပါတိုက်၏ ပဉ္စမထပ်၊ (၆)လွှာ (တိုက်အား မျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း(၁၈ပေx၅၆ပေ)ရှိ ခြေရင်းခန်းကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **EDENROSE & MMP Construction Co.,Ltd** ၏ ကန်ထရိုက်တာများဖြစ်ကြသည့် **ဦးစန်းလွင် [၁၂/မဂတ(နိုင်)၁၀၇၆၅၅] နှင့် ဦးဇင်မင်းထွန်း [၁၂/သဃက(နိုင်)၁၇၁၈၃၃]**တို့မှ ၎င်းတို့တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေအိအိသိန်း [၅/တမန(နိုင်)၀၃၈၅၃၀]မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုမွန် [LL.B,D.B.L,D.I.L,D.I.P.L,DL–101WIPO(Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၉၆)**
**အမှတ် – ၃၀၂(၁၂+၁)၊Parami Condominium၊**
**ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၇၉၉၆၆၄၅၅၇ ၊ ၀၉–၇၈၁၅၃၅၈၂၄ ၊ ၀၉–၅၀၄၉၁၇၄**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ လူနေရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၁၆၀/၂)၊ ယုဇနမာလာလမ်း၊ အဆောက်အအုံအမှတ်(၁၆၀/၂)တွင် ဆောက်လုပ်ထားရှိသော (၁)ခန်းတည်း (၆)ထပ်တိုက်၏ (တတိယထပ်–၄–လွှာ) (၂၇ ပေx ၅၂ ပေ)အကျယ်အဝန်းရှိ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးနေဝင်း [၁၄/ငပတ(နိုင်)၀၂၈၁၉၂] ထံမှ ဦးကျော်ထက်အောင် [၉/မခန(နိုင်)၂၁၉၈၅၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊**
**(၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ၀၉–၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ ဥက္ကာ(၆)လမ်း၊ မြေကွက်အမှတ်(၁၈၂)တည်ရှိရာ (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိ မြေကွက်ပေါ်ရှိဆောက်လုပ်ထားသည့် ကန်ထရိုက်တိုက် (၅)ထပ်တိုက်၏ (၄)လွှာ (တတိယထပ်) (၄/ဘီ) ဟုခေါ်တွင်သော (အလျား ၁၈ ပေ x အနံ ၅၄ ပေ) အကျယ်အဝန်းရှိ လူနေတိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အဆိုပါတိုက်ခန်း၏ လက်ရှိပိုင်ဆိုင်သူ မခင်ငြိမ်းချမ်း [၁၂/ရကန(နိုင်)၀၆၅၀၀၀] ထံမှ ကျွန်ုပ်တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီပြီးသော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် အောက်ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

**AIR THANLWIN LIMITED.**
**အမှတ် (၁၅၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Email : admin@airthanlwin.com**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ လူနေရပ်ကွက်အမှတ်(၁၄)၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ်(၁၈၆၆) ဦးဝင်းလွင် (CZ–၀၀၅၄၇၁) အမည်ပေါက် မှတ်သားတည်ရှိသည့် အကျယ်အဝန်း (၄၀) ပေx(၆၀)ပေရှိ ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော နေအိမ်မှ အောင်ချမ်းသာလမ်းသို့ မျက်နှာမူလျှင် လက်ဝဲဘက် ဒေါ်မိုးမိုးဝင်းပိုင်ဆိုင်သော မြေကွက်နှင့်ကပ်လျက်အခြမ်း အကျယ်အဝန်း (၁၀) ပေx (၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ပုစု [၁၁/ကဖန(နိုင်)၁၅၅၃၄၅]မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး မိမိတစ်ဦးတည်း တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးခင်မောင်မြင့် LL.B, D.B.L, D.M.L, D.I.L** | **ဦးကျော်ဝင်းလှိုင် (L.L.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၅၆၈၃) (၂၈–၆–၁၉၉၁)** | **(စဉ်–၁၇၄၇၇) (၂၁–၁၂–၂၀၂၁)** |
| **၀၉–၄၃၀၃၂၁၈၁** | **၀၉–၄၂၁၀၈၆၁၆၀** |

**အမှတ်(၉)၊ ဂန္ဓမာလမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

MYANMAR CONSTRUCTION
MCEF
ENTREPRENEURS FEDERATION

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF)က အထူးဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(MCEF)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၈၇၁)၊ ဦးပိုင်အမှတ်(၇၈–က)၊ ၃၂ လမ်း၊ ၈၁x၈၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးခိုဆင် [၁/ကမန(နိုင်) ၀၀၂၀၄၉]၊ ဒေါ်မေရင် [၁/ကမန(နိုင်)၀၀၂၀၄၇]တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၈၃
### မှော်ဘီခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၃

**ကွယ်လွန်သူ ဦးမောင်ကြည်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

**ဒေါ်အုံးမြင့်** — **လျှောက်ထားသူ**

အမှတ်–၆၀၊ ဦးချစ်မောင်လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်ခဲ့သော ကွယ်လွန်သူဦးမောင်ကြည် ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ (၁၃၈၈ ခုနှစ်၊ ဦးကဆုန်လဆန်း ၅ ရက်နေ့)တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်ကြည်၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ (၁၃၈၈ ခုနှစ်၊ ဦးကဆုန်လဆန်း ၅ ရက်နေ့) နံနက် (၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့(၆)လမ်း၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၃၂၉)၊ ဦးအောင်မြင့်စိန် (HGU –၀၂၄၅၁၉)အမည်ဖြင့် နေရာချထားပေးသော ဧရိယာ(၄၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန်းဝင်း (ဘ) ဦးဖြဲနှင့် မိမော် (ဘ) ဦးစောဖေ [၃/ဘအန(နိုင်) ၂၂၄၀၉၀] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဇာလွင် [၁၂/ဒလန(နိုင်) ၀၄၃၂၆၂]က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆွေဇင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၂၄)**
**(၁/ရ– ၅–လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း–၀၉– ၄၂၁၀၃၀၆၈၇**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်–72W/69134၊ အမျိုးအမည် HONDA WAVE–100၊ အမျိုးအစား မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းမင်းအောင် [၁၀/သထန(နိုင်)၂၁၉၂၉]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**ဘားအံမြို့**

## အများသိစေရန်ကြော်ငြာစာ

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်မြို့၊ ပဟိကလော်ကျေးရွာ၊ လမ်း(၂၀)၊ ခြံအမှတ်(၄၂၂)၊ အိမ်အမှတ်(၁၁၅)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ဦးခင်မောင်ရိုန် (ဘ) ဦးထွန်းတင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သကတ(နိုင်)၀၉၀၀၁၄] အမည်ဖြင့် မြို့တည်ဆောက်ရေးနှင့်စီမံခန့်ခွဲမှုကော်မတီ၊ လေးကေ့ကော်မြို့မှ (၁၅–၇–၂၀၂၀)ရက်နေ့တွင် ပိုင်ဆိုင်ခွင့်လက်မှတ်ထုတ်ပေးခဲ့ပါသည်။ အဆိုပါပိုင်ဆိုင်ခွင့်လက်မှတ်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိလက်ဝယ်ထားရှိပါက ပိုင်ရှင်ဖြစ်သူ ဦးခင်မောင်ရိုန်ထံသို့ အမြန်ဆက်သွယ်ပေးအပ်ပါရန် အများသိစေရန် ကြော်ငြာအပ်ပါသည်။ အကယ်၍ အထက်ပါ စာရွက်မူရင်းအား ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ခြင်းမပြုဘဲ တစ်စုံတစ်ယောက်က လက်ဝယ်ထားရှိပါက နောက်ဆက်တွဲဖြစ်ပေါ်လာသော ကိစ္စရပ်များကို ပိုင်ရှင်ဖြစ်သူ ဦးခင်မောင်ရိုန်က တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ရိုန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကိုကိုလွင်**
**အထက်တန်းရှေ့နေ (စဉ်–၅၂၃၆၈)**
**ဖုန်း–၀၉–၉၆၉၂၃၅၆၆၆**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ညောင်ပင်ကျေးရွာ)၊ မြေကွက် အမှတ် (၀ထB–၃၅၆)၊ (B–1) လမ်း၊ အကျယ်အဝန်း (အလျား ၄၀' x အနံ ၆၀') ရှိ ဒေါ်ယင်းမာအေး အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူ၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သဇင်နီ [၈/မလန(နိုင်)၀၆၅၁၈၄] ထံမှဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးညိုဟန် [၉/မသန(နိုင်)၀၈၀၄၄၉] မှ မြေကွက်၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် LL.B., BSc. Engg (EC)**
**အထက်တန်းရှေ့နေ(စဉ်–၃၈၃၇၁)**
**အမှတ် (၆)၊ မြေညီ(ယာ)၊ ၁၆၁–လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၀၁၀၅၁၈၁၊ ၀၁–၅၅၇၉၁၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃၀)၊ ၅–လွှာ/အေ၊ အကျယ်အဝန်း(၁၅ ပေ x ၅၅ ပေ)ရှိ ပေါင်ကောင်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးပြေသောင်း [၁၂/ဥကမ(နိုင်)၁၆၈၂၉၃]နှင့် ဒေါ်အေးအေးခိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့က မိမိတို့သာ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူအောင် [၁၂/စခန(နိုင်) ၀၂၈၈၆၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၂၅–၃–၂၀၂၆) နေ့က ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သွယ်ဝင်း အထက်တန်းရှေ့နေ (စဉ်–၄၃၁၄၅) (၃၀–၁၀–၂၀၁၃)**
**အမှတ်(၃/ခ)၊ ဗမ္မာ့သီရိအနောက် (၃)လမ်း၊ (၆/အနောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၁၉၀၄၉၈၈**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ယခင်အခေါ်ဒဂုံမြို့သစ်(မြောက်ပိုင်း)၊မြေတိုင်းရပ်ကွက်အမှတ်– ၅၂၊ မြေကွက်အမှတ်– ၁၂၅(က)၊ မြေဧရိယာ–(၂၅' x ၆၀')ပေကျယ် ဦးခင်မောင်စိုး(HGU–၁၃၀၃၆၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်** အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ၎င်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဦးကျော်လွင်ဦး [၈/မကန(နိုင်)၂၁၉၀၆၁]** ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးတင်လင်းထွဋ် [၁၂/သဃက(နိုင်)၁၆၇၉၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်ငြိမ်း(LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၉၆)**
**အမှတ်–၃၂၈(ဒုတိယထပ်)၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၈၇၆၅၁၃၄**

## တံတားဦးစီးဌာန
## တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့
## (၁/၂၀၂၆-၂၀၂၇) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းစသည်တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များ လာရောက်တင်ဒါပေးသွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၄-၅-၂၀၂၆) (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | (၁၁-၅-၂၀၂၆) (ရုံးချိန်အတွင်း) |
| P.O Cheque နောက်ဆုံး ပေးသွင်းရမည့်ရက် | - | (၁၂-၅-၂၀၂၆) (ရုံးချိန်အတွင်း) |
| တင်ဒါအကြိုရှင်းလင်းမည့်ရက် (Pre-bidding) | - | (၁၄-၅-၂၀၂၆) တံတားအထူးအဖွဲ့(၁)ရုံး |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် | - | (၁၅-၅-၂၀၂၆ ) (နံနက် ၁၀:၀၀ နာရီ) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁)၊မြစ်ကြီးနားမြို့ specialbridgeone2018@gmail.com |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၉-၅၁၈၀၀၁၂၊ ၀၉ -၅၂၀၈၅၂၃၊ ၀၉-၄၀၀၀၂၁၀၁၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်ရှိ (၆)ခန်းတွဲ (၈)ထပ်တိုက်မှ ဗညားဒလလမ်း မှ ရေတွက်သော် အမှတ်(၁၆၄)၊ မြေညီထပ်၊ ပထမအခန်း၏ နောက်ဘက် (၁၂ပေx၁၄ပေ)ရှိ အခန်းနှင့် မြေညီထပ်၊ ဒုတိယအခန်း(၁၄ပေx၅၂ပေ)ရှိ တိုက်ခန်းတို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းပေါ်ရှိ ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဦးမြင့်ဟန် (ဘ)ဦးစိန် [၁၂/ကတတ(နိုင်)၀၂၀၅၉၂]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ မယစီရာဘာ(ခ)ခင်မျိုးဝင်း (ဘ) ဦးခင်မောင်ဝင်း[၉/ပဥလ(နိုင်)၀၀၈၀၈၁]တို့မှ အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်လှိုင်သိန်း (LLB, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၂၂)**
**တိုက်(၃)၊ အခန်း(၂)၊ မြေညီ၊ နှင်းဆီလမ်း၊ သာယာကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၃၇၄၁**

## "အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ကင်းဝန်လမ်း၊ မြေကွက်အမှတ်-၁၁၇၆၊ အကျယ်အဝန်း ( ၄၁ x ၆၀ )ပေ၊ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ယဉ်မေ [၁၂/ရကန(နိုင်)၀၁၀၈၁၁] (SDY-၀၅၇၃၉၃)အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ယခုရောင်းချသူ ဦးမြင့်ဦး[၁၂/ဥကမ(နိုင်)၀၇၈၂၅၉]မှ အရပ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို(LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်
## လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
## သန်လျင်ခရိုင်တရားရုံးတော်
